
စိတ်ကူးချိုချိုအနုပညာ

mgyoe.com




ငြိမ်းမင်း

# အနုပညာ ဝေယျာဝစ္စ

mgyoe.com

mgyoe.com



ငြိမ်းမင်း

# အနုပညာ ဝေယျာဝစ္စ

'ပန်းချီအနုပညာ' သည်
ကျွန်တော် ရူးမူးခဲ့သော 'ငယ်ချစ်ဦး' ဖြစ်သည်။

အရွယ်ရောက်သောအခါ
ကျွန်တော်နှင့် 'ဇာတ်သဘင်အနုပညာ' တို့
သမီးရည်းစားဖြစ်ခဲ့သည်။
အလွန်အကျွံ၊ living together အထိ။

တကယ့်ဘဝလမ်းပေါ် ရောက်သောအခါ
ကျွန်တော်သည် 'ရုပ်ရှင်အနုပညာ' နှင့်
လက်ထပ်ပေါင်းသင်းခဲ့ရသည်။
ယခုဆိုလျှင် ထို 'အိမ်ထောင်ဘက်' နှင့်
သားများ သမီးများ မြေးများပင် ထွန်းကားနေလေပြီ။

nw0055
2200.00 Ks

mgyoe.com

mgyoe.com

အနုပညာဝေယျာဝစ္စ၊ ငြိမ်းမင်း
စာမျက်နှာ ၁၇၂++ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အနုပညာဝေယျာဝစ္စ

ငြိမ်းမင်း

(ပန်းချီအနုပညာ၊ ဓာတ်သဘင်အနုပညာ၊ ပြဇာတ်အနုပညာ၊ ဓာတ်ပုံအနုပညာနှင့် တွေ့ဆုံခြင်း ဆောင်းပါးများစုစည်းမှု)

ပထမအကြိမ်၊ ၂၀၀၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

အမှာစာ
– ကျွန်တော့်ကိုလည်း သဘောထားကွဲလွဲခွင့်ပြုပါ ဂ

ပန်းချီအနုပညာ ၁
၁။ မြေကြီးယောင်ဆောင်တဲ့ ကောင်းကင် (ကိုဝသုန်) ၅
၂။ အမှတ်တရ ဆရာကံချွန် ၁၅

ဓာတ်သဘင် အနုပညာ ၂၃
၁။ အနိုးအဝေး ဝေဖန်ရေး ၂၇
၂။ လူထဲကဓာတ်၊ ဓာတ်ထဲကလူ ၃၄
၃။ ကိုစိုးမြင့်အောင်ရေ ပြောတော့မယ် နားထောင် ၃၉
၄။ နှစ်သောင်းရှစ်ထောင်တန်သာစု ၅၁
၅။ ရေစီးထဲက ပန်းပွင့်များ ၆၀
၆။ မြန်မာမော်ဒန်အကအကြောင်း ၆၉

mgyoe.com

mgyoe.com

ရုပ်ရှင်အနုပညာ ၇၉
၁။ ပြဇာတ်ဆန်ချင်လွန်းလို့ ၈၅
၂။ အနုပညာဆု ၉၂
၃။ သေချာတဲ့ဆု ၁၀၄
၄။ အိပ်မက်ဘာသာပြန် ၁၀၉
၅။ ပြည်သူ့ရင်ခွင်ထဲက ရုပ်ရှင်ရိုက်ကွင်း ၁၁၈
၆။ ကြယ်စင်မော်ကွန်း အမှတ်တရ ၁၂၆

ဓာတ်ပုံအနုပညာ ၁၃၅
၁။ သမီးကို ချစ်လို့ ၁၃၉

တွေ့ဆုံခြင်းအနုပညာ ၁၅၁
၁။ မြန်မာကား မြန်မာကြိုက်အောင် ၁၅၅
၂။ စကားလုံးများ ၁၆၁
၃။ အောင်မြင်မှု ၁၆၉

❑

mgyoe.com

mgyoe.com

# ကျွန်တော့်ကိုလည်း သဘောထားကွဲလွဲခွင့်ပြုပါ

(၁)

ဝေယျာဝစ္စ = ကိစ္စကြီးငယ်ကို ဆောင်ရွက်ခြင်း
(ပါဠိသက်ဝေါဟာရ အဘိဓာန် – ဦးထွန်းမြင့်)

'ကိစ္စများစွာ၊ ဝေယျာဝစ္စ
အဝဝကို၊ နေ့ညမရှောင်....'
(နာနာဆန္ဒပျို့၊ မုံရွေးဆရာတော်)

ရပ်ကွက်ထဲမှာ... ဓမ္မာရုံမှာ... ဘုန်းကြီးကျောင်းမှာ... ဘုရားရင်ပြင်မှာ...'ဝေယျာဝစ္စအသင်း' ဆိုတာ ကြားဖူးကြုံဖူးကြမှာပါ။ ငယ်ငယ်တုန်းက ဝေယျာဝစ္စအသင်းဖွဲ့ပြီး စာကြည့်တိုက်ရန်ပုံငွေ ရှာခဲ့ဖူးပါတယ်။ မင်္ဂလာဆောင် တစ်ခုလုံးကို ဧည့်ခံဖို့ ဝေယျာဝစ္စအသင်းကို တာဝန်ပေးပြီးမှ မင်္ဂလာရှင်က အလှူငွေပြန်ထည့်ပေး အပြန်အလှန်ကူညီကြတာ။ အဲဒီမှာ အသင်းဝင်လူငယ်တွေက မင်္ဂလာကိစ္စအဝဝကို လိုလေသေးမရှိအောင် အားသွန်ခွန်စိုက် လုပ်အားပေးကြရတယ်။

ဧည့်ပရိသတ်ရှေ့မှာ သပ်သပ်ရပ်ရပ်ဝတ်စားပြီး မုန့်ပွဲ၊ ရေခဲမုန့်ပန်းကန်လိုက်ချပေးတဲ့ အလုပ်ကို လုပ်ချင်သူ၊ လုပ်နိုင်သူ လူငယ်တွေ

mgyoe.com

mgyoe.com



များပေမယ့် ပရိသတ်ရဲ့စားကွင်းစားကျန် ပန်းကန်တွေဆေးကြောသန့်စင်တဲ့အလုပ်ကျတော့ လုပ်ချင်သူ ရှားပါးလှပါတယ်။ တကယ်တော့ မင်္ဂလာပွဲကြီးတစ်ပွဲ အောင်မြင်ပြည့်စုံဖို့ဆိုတာ လူမမြင်ရတဲ့ နောက်ကွယ်က အပေအတေခံပြီး ဆေးကြောသန့်စင်ပေးတဲ့ လူတွေရဲ့ လုပ်အားကျေးဇူးဟာ မရှိမဖြစ် မပါမဖြစ်အောင် အရေးကြီးလှပါတယ်။

ဒီအတိုင်းပါပဲ။ အနုပညာလောကမှာ နေရာတစ်ခုရပြီး ပရိသတ်ရဲ့ ရင်သပ်ရှုမော အံ့သြချီးကျူးစကားတွေ၊ လက်ခုပ်အားပေးသံတွေ ကြားခွင့်ရဖို့ လူမမြင်ရတဲ့ (နာမည်တစ်လုံး မရသေးခင်က) အပေအတေခံပြီး ဖြတ်သန်းခဲ့ရတဲ့ ဘဝစာမျက်နှာတွေဟာ သိပ်ကို ခါးသီးခံပြင်းလှပါတယ်။ ဒါကို…

တချို့က 'သက်လုံ' တဲ့

တချို့က 'ဇွဲ'တဲ့

တချို့က 'ပါရမီဖြည့်တာ' တဲ့

တချို့က 'ဝမ်းစာဖြည့်တာ' တဲ့

ဘယ်လိုပဲခေါ်ခေါ် ဒါဟာ အနုပညာသမားတိုင်းအတွက် 'အခြေခံအုတ်မြစ်'ပါ။ အောင်မြင်မှုအဆောက်အဦကြီးတစ်ခု ဖြစ်ပေါ်လာဖို့ အရေးအကြီးဆုံး အုတ်မြစ်ဟာ လူမမြင်ရသေးတဲ့ 'ဝေယျာဝစ္စ အောက်ခြေသိမ်း' ဖြတ်သန်းမှုတွေနဲ့ တည်ဆောက် ဖြည့်တင်းယူရတာပါ။ အောက်ခြေသိမ်း ဝေယျာဝစ္စလုပ်ခဲ့စဉ်က ချွေးထွက်များခဲ့မှ အနုပညာရှင်ဘဝမှာ သွေးထွက်နည်းမှာ အသေအချာပါ။

'ဝေယျာဝစ္စ'ဆိုတဲ့အထဲမှာ လေးလံပင်ပန်းတဲ့ကိစ္စ တာဝန်တွေပါသလို ပေါ့ပါးသက်သာတဲ့ ကိစ္စငယ်တွေလည်း ရှိတာပေါ့။ အရေးကြီးတာနဲ့ မကြီးတာက ရောထွေးနေတတ်တယ်။ ဒီနေရာမှာ သတိထားရမှာက 'နု' စဉ်ဘဝမှာ အရေးမကြီးဘူးထင်ခဲ့တာတွေဟာ 'ရင့်' တဲ့အခါ အရေးပါအရာရောက်နေတာကို တအံ့တသြတွေ့ရတတ်တာပါပဲ။ ဒါကြောင့် အကောင်းဆုံးက ဖြတ်သန်းမှုတိုင်းကို သတိနဲ့ ရိုရိုကျိုးကျိုး အားစိုက်ခဲ့ဖို့လိုပါတယ်။

ဘဝဆိုတာ သင်ခန်းစာယူလို့ မဆုံးနိုင်တဲ့ သင်တန်းကျောင်းကြီး မဟုတ်လား။ သင်ခန်းစာဆိုမှတော့ ဘယ်ချိုပြေပါ့မလဲ။ တချို့သော သင်ခန်း

mgyoe.com

mgyoe.com


စာတွေဆိုရင် ပြန်ပြောမပြချင်လောက်အောင် ခါးတူးရှုတနေတယ်။ လူငယ်တွေကို ပြန်မပြောချင်ဘူး။ သူတို့ရဲ့ ခပ်ပါးပါး စိတ်အလွှာတွေကို ကြောက်ရွံ့လွင့်ပါးမသွားစေချင်လို့ပါ။

(၂)

'ဇာတ်ညွှန်းရေးသူ'ဆိုတာ...

စာအလွန်ရေးရသလောက် ပုံနှိပ်စာအုပ်ဖြစ်ခွင့် မရတဲ့ဘဝပါ။ ပြီးတော့ ရေးချင်တဲ့ ရေးသင့်တဲ့ စာတွေကို ရေးခွင့်မရခဲ့ပြန်ဘူး။ ဇာတ်ထဲဝင်အောင် ဇာတ်ဝင်စကားတွေပဲ ရေးခဲ့ရတာလေ။ ဖြတ်သန်းမှုအရှိန်ရလာတဲ့အခါ ကိုယ့်မှာ တာဝန်ရှိရက်နဲ့ မပြောဖြစ်ခဲ့တာတွေ၊ ပျက်ကွက်ခဲ့တာတွေကို ခပ်လှမ်းလှမ်းက သတိရေးရေးရလာမိတယ်။

ဇာတ်သဘင် ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာဘဝတုန်းကပေါ့။

ကိုယ့်ဇာတ်ခုံလေးဆီကို ပရိသတ်ရောက်လာအောင်၊ ရုံထဲရောက်လာတဲ့ ပရိသတ်ကို ကိုယ့်အနုပညာတွေလက်ခံသွားအောင်၊ ကိုယ်မဟုတ်တဲ့ တခြားလူတွေရဲ့ 'မြင်ကွင်း' နဲ့ ကိုယ့်ရဲ့ 'ရင်တွင်း' ကို ပြခဲ့ရတာ။ ပေါ်လိုက်၊ ပျောက်လိုက်၊ နစ်လိုက်၊ ကူးလိုက်။ ကိုယ်ရောက်နေတဲ့ မြို့ဟာ အရှေ့လှည့်သလား အနောက်လှည့်သလားတောင် သတိမထားနိုင်ခဲ့ဘူး။ ဇာတ်ခုံထဲမှာ ဘဝကို နှစ်ခဲ့ရတာတွေလေ။

ဇာတ်အတွက် စာကလွဲပြီး ဘာမှ မရေးဖြစ်။

ကိုယ့်စာတစ်ကြောင်း ပရိသတ်ထဲရောက်သွားဖို့ ဆင်လိုက်ရတဲ့ ကားလိပ်၊ ဆွဲလိုက်ရတဲ့ ပြည်ဖုံးကား၊ တွန်းလိုက်ရတဲ့ ထရော်လီ၊ ကိုင်လိုက်အော်လိုက်ရတဲ့ မိုက်ကရိုဖုန်း၊ ကိုယ်နဲ့ ဆိုင်တာ မဆိုင်တာ မစဉ်းစားနိုင်ဘူး။ ပရိသတ်အတွက် ပေးနိုင်တာထက် ပိုပေးခဲ့တယ်။ ဇာတ်သဘင်ဝေယျာဝစ္စကတော့ 'က' အစ 'အ' အဆုံး သင်ရိုးကျွတ်ပါပဲ။ ဒီလောက် အချိန်ပေးထားရတော့ ဘာစာကို ရေးနိုင်ဦးမှာတုန်း။

ကိုစိုးမြင့်အောင်(ရုပ်ရှင်အောင်လံ)၊ ကိုအေးကြူလေး (ပြည်သူ့ဖလင်) တို့က အင်တာဗျူးတွေလာမေးတော့မှ ကိုယ့်ကိုယ်ကို သတိရတယ်။ သူတို့က ခင်ဗျားဆီမှာ သဘင်အကြောင်း ပြောစရာမရှိဘူးလားတဲ့။ ခင်ဗျားပြောရင်

mgyoe.com

mgyoe.com
ပိုပြီးမှန်မှာပေါ့တဲ့။ ဇာတ်သဘင်အကြောင်း ပြောရေး ဆိုခွင့်ရှိတဲ့သူဖြစ်နေတာတောင် ပြောသင့် ပြောထိုက်တာတွေ မပြောမိခဲ့၊ မပြောနိုင်ခဲ့ပါဘူး။

ကျွန်တော့် အခြေခံစရိုက်ကိုက ပြောသင့်တာတွေ ပြောမနေဘဲ လုပ်နိုင်သလောက်လုပ်ပြချင်တဲ့စိတ်က အားကြီးနေခဲ့တာ။ ဒါ ကျွန်တော့်ရဲ့ အားနည်းချက်လည်း ဖြစ်နိုင်ပါတယ်။ ကျွန်တော် ဘယ်လောက် မပြောခဲ့သလဲဆိုရင် ကျွန်တော့်ဇာတ်သဘင်နောက်ခံကားကို မမြင်ဘူးကြတော့ဘူး။ ကျွန်တော် ဇာတ်ကလာခဲ့တယ်ဆိုတာကိုတောင် မသိတဲ့ ပရိသတ်တွေ အများကြီးပါ။

ဘဝကို နောက်ပြန်လှည့်ကြည့်လိုက်တော့... မျက်တွင်းဟောက်ပက်နဲ့ ရင်းပေးခဲ့ရတဲ့ ဇာတ်သဘင်ဖြတ်သန်းမှုမှာ ကျွန်တော်ရေးဖြစ်ခဲ့တဲ့ ဆောင်းပါးလေးက ၅ ပုဒ်ထဲရယ်။ ဒါကြောင့် အင်တာဗျူးပြောဖြစ်တဲ့ 'မော်ဒန်အကအကြောင်း' ပေါင်းထည့်ထားရတယ်။ ရှာလို့မရတော့တဲ့ အင်တာဗျူးတွေထဲမှာ ကိုဝင်းစည်သူရယ်၊ ကိုအောင်သိုက်ကြီးရယ်၊ ကျွန်တော်ရယ်၊ ပြဇာတ်သမား ၃ ယောက်ကို ကိုဝင်းငြိမ်း၊ ကိုစိုးမြင့်အောင်၊ ကိုအေးကြူလေးတို့ရဲ့စီစဉ်မှုနဲ့ ကိုမြတ်ခိုင်က ဗျူးခဲ့တဲ့ အင်တာဗျူးပါ။ အဲ့ဒီ 'ဗျူး'ကို ရှာမတွေ့တာကိုတော့ စိတ်ထဲမှာ ကွက်လပ်အကြီးကြီးဖြစ်နေမိတယ် (ရှာဖွေတွေ့သူများရှိရင် ကျေးဇူးပြုပေးကြပါခင်ဗျာ)

တွေ့သမျှ ဆောင်းပါးလေးတွေကို ဖုန်ခါပြီး ထုံးစံအတိုင်း တပည့်ကျော်တွေကို ကွန်ပျူတာစီခိုင်းရတယ်။ ဒီတစ်ခါ အနှိပ်စက်ခံဖို့ အလှည့်ကျသူက တပည့်မျိုးမင်းထွေး။ အနုပညာတက္ကသိုလ်ကဆင်းပြီး MRTV-4 မှာ Script ရေးနေတဲ့ လူငယ်ပါ။ သူကလည်း ခေသူမဟုတ်။ လူ့အခွင့်အရေး ရုပ်ရှင်ပွဲတော်မှာ ပူပူနွေးနွေးဆုရထားတဲ့ ဒါရိုက်တာ။ ကိုယ့်မှာလည်း နှိပ်စက်စရာဆိုလို့ ဒီတပည့်တွေပဲရှိတာ။ သူကတော့ ပညာရတယ်ပြောတာပဲ။ အနုပညာဝေယျာဝစ္စတစ်ခုကို လက်တွေ့ ဖြတ်သန်းခိုင်းတဲ့သဘောပေါ့(နော်)... ကိုယ့်ဆောင်းပါးတွေကို ကွန်ပျူတာစီပေးရင်း သူကပြောတယ်။

"ဆရာ့ဆောင်းပါးတော်တော်များများက ကျွန်တော့်ထက် အသက်ကြီးတယ်' တဲ့။ ကဲဗျာ။ အဲဒီတော့မှ မျိုးဆက်ကွာဟတဲ့ ကွက်လပ်ကြီးကို

mgyoe.com

mgyoe.com



(GENERATION GAP) ကို သတိထားလိုက်မိပြန်ပါတယ်။

"ဒီဆောင်းပါးတွေ ဖတ်ကြည့်တော့ မင်းဘာရလဲ"

"ဟာ...အများကြီးပဲ၊ ကျွန်တော်ဘာမှ မသိတာတွေ အများကြီး"

"မင်းတို့အတွက် အကျိုးရှိမယ်လို့ ထင်လား"

"ဟာ ကိုယ်မဖြတ်သန်းလိုက်ရဘဲ ရတဲ့အတွေ့အကြုံပဲဆရာ၊ သိပ်တန်ဖိုးရှိတာပေါ့။ အထူးသဖြင့် အနုပညာလုပ်မယ့် လူငယ်တွေအတွက် ယူစရာတွေ အများကြီးပဲ"

"မင်းလို လူငယ်တွေရှိသေးလား"

"အများကြီးဆရာရဲ့"

(၃)

ဒီခေတ်လူငယ်တွေက မြန်မာသီချင်း အရသာမခံတတ်ဘူး။ မြန်မာ့ယဉ်ကျေးမှုရနံ့ကို မရှူရှိုက်တတ်ဘူးလို့ သူငယ်ချင်းတစ်ယောက်က ပြောတယ်။ ကျွန်တော် ချက်ချင်းပဲတုံ့ပြန်ခဲ့တယ်။ အဲ့ဒါ လူငယ်တွေမှာ တစ်ဝက်ပဲတာဝန်ရှိတယ်။ ကျန်တစ်ဝက်က သူတို့သိအောင် ပြောမပြတဲ့ လူကြီးတွေမှာ တာဝန်ရှိတာလို့။

သူ့ကိုသာ အဲ့သလို ပြောလိုက်ရတယ်။

ကိုယ်ကိုယ်တိုင်ရော ဘယ်လောက်ပြောပြီးပြီလဲဆိုတဲ့ မေးခွန်းကို ဖြေဖို့ 'အနုပညာဝေယျာဝစ္စ'တွေကို ပြန်လည်စုဆောင်းပြီး စာအုပ်ဖြစ်အောင် အားထုတ်လိုက်တာပါ။

ဘဝက အရွယ်ရင့်လာတာနဲ့အမျှ...

လူငယ်တွေ (အနုပညာစိတ် တကယ်ရှိတဲ့ မျိုးဆက်သစ်တွေ)ကို ခွဲဝေပေးချင်တဲ့ သင်ခန်းစာတွေက ရင်နဲ့မဆန့်အောင် ပြည့်လျှံလာတယ်။ ပေးနိုင်တာက နည်းပြီး ပေးချင်တာက များတဲ့အခါ စာနဲ့ ရေးပြတဲ့နည်းဟာ အကောင်းဆုံးဆိုတာ သိလာပါတယ်။ ဒါပေမဲ့ ခက်တာက အချိန်။ ထားလိုက်ပါတော့။

အခုတော့ ညည်းညူမောဟိုက်တာတွေ လွှင့်ပစ်ပြီး 'အနုပညာဝေယျာဝစ္စ' ကို မရအရ စုဆောင်းအမျှဝေလိုက်ပါတယ်။ ခေတ်တွေ

mgyoe.com

mgyoe.com



ပြောင်းပေမယ့် မပြောင်းနိုင်သေးတဲ့ အနုပညာသစ္စာတရားအချို့ကို ဒီစာအုပ်ထဲမှာ ထည့်ပေးထားပါတယ်။

တကယ်တော့ အဟောင်းတွေ စုဆောင်းထားတာပါ။

အမှတ်တရတွေ သိမ်းဆည်းထားတာပါ။

ခေတ်ဟောင်း အဖြူအမည်းရုပ်ရှင်ကားကို ပြန်ကြည့်ရသလို ငြီးတာလည်းရှိမယ်။ ငြင်းတာလည်းရှိမယ်။ ဒါပေမဲ့ မြန်မာ့အနုပညာ လောကရဲ့ အရှိတရားနဲ့ ဖြတ်သန်းမှုကိုတော့ သိခွင့် ကြည့်ခွင့်ရမှာ သေချာပါတယ်။

ဒီစာတွေဖတ်ရင်းနဲ့ စာဖတ်သူနဲ့ ကျွန်တော် လွတ်လပ်စွာ သဘောထား ကွဲလွဲကြရအောင်ပါ။

(၄)

ဒီစာအုပ်မှာ ဖော်ပြထားတဲ့ ဆောင်းပါးတွေဟာ ၁၉၈၄ ကစပြီး ၂၀၁၀ အထိ ရေးခဲ့တာတွေပါ။ ခုနှစ်အစဉ်လိုက်ဖော်ပြထားတာမဟုတ်ဘဲ ဖတ်လို့အဆင်ပြေအောင် စီစဉ်ပေးထားပါတယ်။ ဒီဆောင်းပါးတွေကို ဖော်ပြပေးခဲ့တဲ့ ဂျာနယ်၊ မဂ္ဂဇင်းတွေကို ကျေးဇူးတင်ပါတယ်။ အထူးသဖြင့် ကျွန်တော်ပြောချင်တဲ့ စကားတွေ ရင်ဘတ်အပြင်ဘက် ထွက်ကျလာအောင် အင်တာဗျူးပေးခဲ့တဲ့ အယ်ဒီတာတွေကိုလည်း တခုတ်တရ ကျေးဇူးတင်ကြောင်းပြောပါရစေ။

ဆောင်းပါးဟောင်းတွေကို အစအဆုံး ကွန်ပျူတာ ပြန်စီပေးခဲ့တဲ့ ချစ်တပည့် မျိုးမင်းထွေး၊ မျက်နှာဖုံးပန်းချီကို အသုံးပြုခွင့်ပေးတဲ့ ဦးမောင် (ပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးမောင်မောင်လှမြင့်)နဲ့ ကျွန်တော့်ရဲ့ ဖိဇာကြောင်မှုတွေကို နားလည်ခွင့်လွှတ်ရင်း စိတ်ရှည်စွာ သရုပ်ဖော်ပေးတဲ့ စိတ်ကူးချိုချိုရဲ့ တကယ်ချိုတဲ့ စိတ်ကူးတွေကို အထူးကျေးဇူးတင်ပါတယ်။

အထူးသဖြင့် ကျေးဇူးတင်ရမှာကတော့...

"ခေတ်ချင်းမတူရင် ခံစားချက်ချင်း မတူနိုင်ပါဘူးဆိုတဲ့ ဒီစာဖတ်မယ့် လူငယ်တွေကိုပါ"

ဒီနေ့ခေတ်လူငယ်များခင်ဗျား...

ဟိုးတစ်ခေတ်က လူငယ်တွေရဲ့အသံကို နားထောင်ကြည့်စမ်းပါ။ အဲဒီခေတ်က လူငယ်တွေရဲ့ ဖြတ်သန်းမှုနဲ့ ခံစားမှုဖက်ရှင်တွေကို ခံစား

mgyoe.com

mgyoe.com



စာနာကြည့်စမ်းပါ။

တစ်ခါတစ်ခါ အပေါင်းထဲမှာ မျှော်လင့်မထားတဲ့ ရသတချို့၊ နည်းလမ်းတချို့၊ အဖြေတချို့၊ ထွက်ပေါက်တချို့ကို ဖမ်းဆုပ်မိတတ်ပါတယ်။ တကယ်ကို မမျှော်လင့်တဲ့နေရာမှာ ခင်ဗျားတို့ရှာနေတာ တွေ့နိုင်ပါတယ်။ ဘာလို့လဲဆိုတော့ 'အပေါင်း' ဆိုတာ 'အသစ်' ကို မွေးဖွားလာတဲ့ ဘူမိနက်သန်ဖြစ်နေလို့ပါ။

ကျွန်တော်က ပတ္တလားနဲ့ တီးပြခဲ့တဲ့ တေးသံကို ခင်ဗျားတို့ရဲ့ ဂစ်တာပေါ် ပြောင်းယူကြည့်စမ်းပါ။

ထူးသစ်တဲ့ သံစဉ်တစ်ခုကို ခံစားနားဆင်ရမှာအသေအချာပါ။

ကဲ... ခုချိန်ကစပြီး ကျွန်တော့်ကိုလည်း သဘောထားကွဲလွဲခွင့်ပြုပါခင်ဗျား။

ငြိမ်းမင်း

၂၀၁၄ ဇူလိုင်

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ပန်းချီအနုပညာ

ပန်းချီဆိုတာ ကျွန်တော့်ရဲ့ ငယ်ချစ်ဦးအနုပညာပါ။

မကွေးကောလိပ်ကျောင်းသားဘဝ စာမျက်နှာအားလုံး နီးပါးမှာ ပန်းချီဟာ အဓိကဇာတ်ဆောင်ဖြစ်ခဲ့ပါတယ်။ ပို့စ်ကတ် လေးတွေ ရေးပြီး စီးပွားရှာခဲ့ဖူးတဲ့အထိ ပန်းချီက ကျေးဇူးပြုဖူး တယ်။

ချောက်မြို့၊ အထက(၁)က ဆရာကြီး ဦးထိမောင်၊ ဆရာ လေး ဦးအောင်စန်းရီတို့နဲ့ ရုပ်ရှင်ရုံ ပန်းချီဆရာများဖြစ်တဲ့ ကိုမြတ် သူ၊ ကိုလှဝင်း၊ ဦးလှတင်တို့ဟာ ပန်းချီငယ်ဆရာတွေပေါ့။ အနု ပညာ ကန့်ကူလက်လှည့်တွေပါ။

ဆေးဖျော်၊ စုတ်တံဆေး၊ ဘက်ဂရောင်းသုတ် ဆိုတဲ့ အောက် ခြေသိမ်းတွေကို ခုထိမမေ့နိုင်သေးပါဘူး။ တတိယနှစ်တုန်းက ပြုစုခဲ့တဲ့ 'ပန်းချီ ပညာအဖွင့်နှင့် ပုဂံခေတ် နံရံဆေးရေးပန်းချီများ လေ့လာချက်' စာတမ်းကလည်း ပန်းချီသုတေသနတစ်ခုပေါ့။

ကျွန်တော့် ဆရာတွေနဲ့ သူငယ်ချင်းတော်တော်များများက တစ်နေ့ကျရင် ကျွန်တော့်ကို ပန်းချီကားတွေရေးတဲ့ ပန်းချီသမား တစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ခန့်မှန်းဟောကိန်းထုတ်ခဲ့ကြဖူး

mgyoe.com

mgyoe.com

တယ်။ တကယ်လည်း ကျွန်တော် ပန်းချီကိုချစ်ခဲ့တာကိုး။ ရန်ကုန်ရောက် ဆရာကြီး ဂုဏ်ထူး ဦးသိန်းနိုင်ဆီမှာ ကျူရှင်သင်ရင်း စာအုပ်အဖုံးတချို့တောင် ကျွန်တော်ရေးခဲ့သေးတာလေ။ ကျူရှင်က အရမ်း အောင်မြင်ခဲ့တော့ ဆရာ ဦးခင်မောင်ရင်နဲ့ အတူနေခဲ့တာတောင် စုတ်တံမကိုင်ဖြစ်တော့တဲ့ အခြေဆိုက်သွားခဲ့တယ်။

ဒါပေမဲ့ ဘယ်သံယောဇဉ် ကုန်နိုင်ပါ့မလဲ...

ပန်းချီသမားတွေနဲ့တွေ့ရင် ပန်းချီစကားတွေ ပြောနေရတာကိုက အရသာ။ ပန်းချီဆရာတော်တော်များများနဲ့လည်း ရင်းရင်းနှီးနှီးရှိတယ်လေ။ သုတေသနစာတမ်းပြီးရင် ပန်းချီအနုပညာနဲ့ ပတ်သက်လို့ ဘာမှ မရေးဖြစ်ခဲ့ဘူး။

ကြံကြံဖန်ဖန် ရေးဖြစ်သွားတာက
ပန်းချီသမားနှစ်ယောက်အတွက် အလွမ်းစာ...
တကယ်တော့ ပန်းချီအလွမ်းစာ...။

❑

mgyoe.com

mgyoe.com

## မြေကြီးယောင်ဆောင်တဲ့ကောင်းကင်
## အမှတ်မှတ်အရရ ဝသုန်

(၁)

အတိတ်မိုးတိမ်တွေကတော့
ဟိုးအဝေးကြီးမှာ ဖမ်းမမိလိုက်မမီ
လွင့်ပျံပြေးပြယ်သွားခဲ့ကြပြီ။
ပစ္စက္ခမိုးတိမ်တွေကို
ချင်ခြင်းမပြေစွာ တို့ထိပွတ်ခတ်ရင်း
အအိပ်မပျော် အလုပ်မပျော် ငိုင်ငေး
ထွေးမှူးနေမိတဲ့ အကျင့်ကို
သူငယ်ချင်းတစ်ဦးထံမှ
ကူးစက်လွှမ်းခြုံ ယစ်ထုံနေမိပါပေါ့ကလား။
၂၀၀၇ အောက်တိုဘာနောက်ဆုံးရက်နားက
ဒိုင်ယာရီစာမျက်နှာကို ဖွင့်ချပြီးငေးနေမိတယ်...
လွမ်းတဲ့အနာ
ကျက်ဖို့ကြာတယ်
အမာရွတ်လည်း ကြီးကျယ်တယ်တဲ့ ကိုဝသုန်ရေ...

mgyoe.com



mgyoe.com

(၂)

အောင်မြင်တဲ့အနုပညာသမားတစ်ယောက်ရယ်လို့ အသိအမှတ်ပြုခံရဖို့ ပျက်ကွက်ဆုံးရှုံးလိုက်ရတဲ့ လူမှုတာဝန်တွေကို သူများတကာက တော့ ပေါ့ပါးနားလည်စွာ ခွင့်လွှတ်နိုင်စွမ်း ရှိတတ်ကြပါတယ်။ "အနုပညာသမားဆိုတာ ကိုယ့်ကိုယ်ကိုမပိုင်ဘူး" ဆိုတဲ့စကားလေးကို အကွယ်အကာယူပြီး ချော်လဲရောထိုင်ပစ်ခဲ့တဲ့ လူမှုရေးတွေကလည်း ကျွန်တော်တို့မှာ အစုနဲ့အဝေး၊ ဒုနဲ့ဒေး။

သို့ပေမဲ့...

အချို့သော လူမှုကိစ္စပျက်ကွက်မှုမှာတော့ ကိုယ့်အသည်းနှလုံးကတောင် ကိုယ့်ကို ခွင့်မလွှတ်နိုင်ဘဲ တနင့်နင့်တလှိုက်လှိုက် တုန်ခါနာကျင်နေရတတ်ပြန်ပါတယ်။ ကိုဝသုန်ရဲ့နောက်ဆုံးအချိန်မှာ နှုတ်ဆက်ခွင့်မရလိုက်တာမျိုးပေါ့။

(၃)

လွန်လေပြီးသော အနှစ် ၃၀ ကျော်။

ကျွန်တော့်ရဲ့ မန္တလေးကျူရှင်ဆရာဘဝ စာမျက်နှာတွေထဲမှာ ကိုဝသုန်က နေရာတော်တော်များများ ပတ်သက်ပါဝင်နေခဲ့ပါတယ်။ မြန်မာစာဘာသာရပ်ကို မနက်ခုနစ်နာရီက ညခုနစ်နာရီအထိ လည်ချောင်းကွဲအောင် သင်နေရတဲ့အချိန်။ ...ဆိုတော့ စာမေးပွဲနီးလာရင် 'အထူးထုတ်စာအုပ်' ဆိုတဲ့ဝန်ထုပ်ကြီးက ပခုံးပေါ်ကို မနိုင်မနင်း အရှိန် ပြင်းပြင်းနဲ့တွန်းဖိလာတတ်ပါတယ်။ အဲဒီဖိစီးမှုကြီးကို ကျွန်တော် ဘယ်လိုနည်းနဲ့ပျော်စရာဖြစ်အောင် ပြောင်းလဲဖန်တီးခဲ့ပါသလဲ။ ကျွန်တော်ချစ်တဲ့ ပန်းချီဆရာတွေကို စာအုပ်အဖုံး(ပန်းချီကား)တွေအပ်ပြီး ကျွန်တော်ကြိုက်တဲ့စာအုပ်အဖြစ် ပုံဖော်ဖန်တီးရတဲ့ပီတိနဲ့ အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့တာပါ။

ကိုယ်တိုင်က ကဗျာအတွေးတွေနဲ့ လွင့်ပျံနေတဲ့အချိန်ဆိုတော့ မှတ်စုစာအုပ်အဖုံးတွေကို ကဗျာစိတ်ကူးတွေနဲ့ ရှူးခဲ့တာပေါ့။ ဘွဲ့နှင်းသဘင်လှေကားထစ်တွေအများကြီးနောက်ခံထား၊ တစ်ခုသောလှေကားထစ်ပေါ်မှာ တင်နေတဲ့ ကုံကော်ပန်းလေးတစ်ပွင့်ဆိုတာမျိုး၊ အိုမင်းနေတဲ့ ပင်စည်ကြီးရှေ့

mgyoe.com

mgyoe.com

က နုပျိုနေတဲ့ ခုံတန်းလျားလေး။ အဲဒီအပေါ်မှာ မခို့တရို့လေးရှိနေတဲ့ လွယ်အိတ်လေးတစ်လုံးဆိုတာမျိုး၊ အဲဒါမျိုးတွေ သူငယ်ချင်း ပန်းချီဆရာတွေကိုပြောပြ သူတို့ကလည်း မဖြစ်ဖြစ်အောင် သရုပ်ဖော်ရေးပေး။ ဒီလိုနဲ့ ပန်းချီဆရာတော်တော်များများနဲ့ ကျွန်တော် ရင်းနှီးခွင့် ကြုံ၊ ငြင်းလည်းငြင်းခုံ၊ အစုံစုံ။

ကျွန်တော့်မြန်မာစာမှတ်စုအဖုံးတွေကို အများဆုံးရေးပေးခဲ့တာက ဆရာကိုမျိုးမြင့်ဖြစ်ပေမယ့် ကျွန်တော့်စာအုပ်အဖုံးပန်းချီအတွက် အကြိမ်အရေအတွက်အများဆုံး တွေ့ခွင့်ရခဲ့သူကတော့ ဆရာဝသုန်ပါ။တောင်ဥက္ကလာ ၁၆ ကွေ့နားက ဆရာဝသုန်အိမ်မှာ တစ်ခါက...။ ဆရာဝသုန့်ဆီကို ကျွန်တော်အပ်ထားတဲ့စာအုပ် အဖုံးပြီးမယ်လို့ ချိန်း ထားတဲ့နေ့တစ်နေ့မှာ ရောက်သွားခဲ့တယ်။ ကျွန်တော့်ကိုမြင်တော့ ဆရာဝသုန်က သူ့ရဲ့လေးတွဲ့တွဲ့အသံနဲ့ ရယ်ကျဲကျဲပြောလိုက်တယ်။

"ခုနကပဲ စာရေးဆရာ... လာသွားတယ်။ ကိုဝသုန်ရှိလားလို့ ပထမမေးတယ်ဗျ။ ကျွန်တော်က ရှိတယ်လို့ပြောတော့ ဒါဆို သူပြန်ပါဦးမယ်တဲ့။ကိုဝသုန်က အနည်းဆုံးကိုးခေါက်မပြည့်ဘဲ စာအုပ်အဖုံးမပြီး ဘူးလို့ ပြောထားလို့ပါတဲ့။ ပြန်ဦးမယ်ဆိုပြီး ပြန်သွားပါလေရောဗျာ"

နောက်ပြောင်တာလား၊ တကယ်ပြောတာလား ကျွန်တော်မခွဲခြားတတ်ခဲ့ပါ။ ဘာပဲဖြစ်ဖြစ် ဆရာဝသုန်နဲ့ စကားပြောရတာကို ကျွန်တော် ပျော်ကြိုက် လန်းဆန်းသွားပါတော့တယ်။ ဒါကြောင့်လည်း စာအုပ်ဖုံး ရရမရရ သူချိန်းတဲ့အချိန်လေးတွေမှာ ကြိုးစားပြီး သွားတွေ့ခဲ့ပါတယ်။ လက်ဖက်ရည်ဆိုင်အတူထိုင်ရင်း လေးလေးတွဲ့တွဲ့ ဖြည်းဖြည်းနွဲ့နွဲ့ ပြောတတ်တဲ့ သူ့စကားတွေဟာ ဆရာဝသုန်ရဲ့ ကိုယ်တိုင်ရေးပုံတူ ကားကြီးရဲ့ စုတ်ချက်လေးတွေပါပဲ။

အဖုံးမရဘဲ အကြိမ်များစွာရောက်လာတဲ့ ကျွန်တော့်ကို ဆရာဝသုန်ရဲ့ အမျိုးသမီးက အရမ်းအားနာလာတော့တယ်။ ဆရာဝသုန် သောက်ထားတဲ့နေ့ဆိုရင် ကျွန်တော်နဲ့ တွေ့မပေးချင်ရှာဘူး။ ကျွန်တော်က "အားမနာနဲ့ အစ်မရေ... သူက မူးလေ စကားပြောကောင်းလေပဲ" လို့ ပြောလိုက်တော့ မယုံမရဲပြန်ကြည့်နေတယ်။

mgyoe.com

mgyoe.com


"တကယ်ပါအစ်မရဲ့ စိတ်မပူပါနဲ့" ဆိုမှ နောက်ဖေးခန်းထဲ လှည့်ဝင်သွားတယ်။ ဆရာဝသုန်ကတော့ စကားသွက်နေပြီ။

"ပုံဆွဲစက္ကူဆိုက် (size) အကြီးကြီးတစ်ရွက်ကို ၃၀၀ ပေးရတယ်၊ ထားဗျာ။ ကျွန်တော် အခုရေးနေတဲ့ဆိုက်ဖြတ်လိုက်ရင် ၈ ရွက်ရမယ်။ဒီတော့ တစ်ရွက်ကို ဘယ်လောက်ကျမလဲ။ (၃၇ကျပ်၊ ၅၀ပြား) သုံးဆယ့်ခုနစ်ကျပ်ခွဲ ဟုတ်တယ်နော်။ အဲဒီစက္ကူအလွတ်ပေါ်မှာ ဝသုန်လို့ လက်မှတ်ထိုးလိုက်တာနဲ့ အဲဒီစက္ကူရဲ့နယ်နိမိတ်၊ နေရာအားလုံး ကိုဝသုန်က တာဝန်ယူလိုက်တာပဲ။ ပန်းချီဆရာဆိုတာ အဲဒါပဲ.. ဆရာကိုမျိုးအောင် ခင်ဗျားရေးထားတာလေး ကြိုက်တယ်ဗျာ။ ကျွန်တော့်ကိုပေးတဲ့ စာအုပ်ထဲကလေ။ အတုလုပ်လို့မရတဲ့ အရာကို စေတနာလို့ခေါ်တယ်ဆိုတာလေ"

ကျွန်တော်က ပြုံးစစနဲ့ ပြန်ပြီးစလိုက်ပါတယ်။

"ဒီလောက်တော့ရှိမှာပေါ့ဗျာ။ ကျွန်တော်က ကိုဝသုန်ရဲ့ သူငယ်ချင်းပဲ"

လေးနေတဲ့သူ့မျက်ခွံတွေကို ပင့်မတင်တော့ဘဲ ကိုဝသုန်က ကျေကျေနပ်နပ်ကြီး ပြုံးနေပြန်ပါတော့တယ်။ တကယ်ဆို ကိုဝသုန်က ရယ်ရယ်မောမောနဲ့ လွင့်မျောအေးဆေးနေချင်သူတစ်ယောက်ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့မှာလည်း ဒေါသရှိနေတာကို ကျွန်တော်ကြုံခဲ့ရဖူးပါတယ်။အင်္ကျီအဖြူလက်ရှည်ကို မခေါက်ဘဲဆွဲတင်ရင်း သက်ပြင်းချပြီး သူ့ ဒေါသသူထိန်းတယ်။ ဒါပေမဲ့ မရပါဘူး။

"ကျွန်တော်က အရက်သောက်တယ်။ အဲဒီကောင်တွေက အရက်မသောက်ဘူး။ ကျွန်တော်ကအခွင့်အရေးကို မထိုက်မတန်ယူရမှာ ရှက်တယ်။ အဲဒီကောင်တွေက အဲဒါကို လုံးဝမရှက်ဘူးဗျာ။ ဒါကြောင့် ဒီကောင်တွေကို ပြောပစ်ခဲ့တယ်။ မင်းတို့နဲ့ ကိုယ့်စောင့်နတ်ချင်း ပြိုင်မယ်လို့..."

ကိုဝသုန့်နှလုံးသားအိမ်ထဲက ကိုယ်ကျင့်တရားရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျွန်တော် နင့်နင့်သီးသီး မှတ်ငြိသွားပါတယ်။ လူမူးပေမဲ့ စာရိတ္တမမူးတဲ့လူတစ်ယောက်ကို ကျွန်တော် ဘယ်လိုလုပ်မေ့နိုင်တော့မှာလဲ။ဒေါသအရှိန်လေးတွေရလာပြီဆိုရင်ပဲ သူ့အသံတွေက သူ့ခန္ဓာကိုယ်နဲ့ မလိုက်အောင် ပြင်းရှလာတယ်။

"ကျော်ဟိန်းဆီမှာ ပန်းချီသွားရေးတယ်ဗျာသိလား။ ကျွန်တော်က

mgyoe.com

mgyoe.com


မူးမူးနဲ့ ပြောပစ်ခဲ့တယ်။ ကိုကျော် ပန်းချီရေးတာ လွယ်တယ်ထင်လို့လား။ ခင်ဗျားလို ရုပ်ရှင်မင်းသားဖြစ်အောင် ကြိုးစားရင် လေး၊ ငါး၊ ခြောက်နှစ်နဲ့ ဖြစ်ချင်ဖြစ်လိမ့်မယ်။ ကျုပ်တို့လို ပန်းချီဆရာဖြစ်ဖို့ဆိုရင်တော့ အနည်းဆုံး ဆယ်နှစ်... ဆယ်နှစ်...လို့ ပြောပစ်ခဲ့တာ။ အဲဒါကို အကြွေးဇာတ်ကားထဲမှာ လုပ်ချသွားတယ်ဗျာ"

ဒေါသထွက်နေရင်းက ကိုဝသုန် ပြုံးပြီး ဟားနေပြန်တယ်။ ကိုကျော်ရဲ့ ပါးနပ်မှုကိုသဘောကျပြီး ပြောနေတာမှန်း ကျွန်တော် သိလိုက်ပါတယ်။

ကိုဝသုန်ရဲ့ ချစ်စရာအကောင်းဆုံးစရိုက်ကတော့ သူ လက်မှတ်ထိုးလိုက်တဲ့ ပန်းချီမှန်သမျှကို လေးလေးစားစားတာဝန်ယူပြီး အားထုတ် ဖန်တီးတဲ့ ဉာဉ်ပါပဲ။ လူမူးပေမဲ့ အယူအဆ မမူးတဲ့လူ၊ အထူးသဖြင့် ကိုဝသုန်ရဲ့ ပန်းချီရေးတဲ့လက်က ဘယ်တော့မှ မမူးခဲ့ဘူးလို့ ကျွန်တော် သတိထားလိုက်မိပါတယ်။

ဒီထက်ချစ်စရာကောင်းတဲ့စရိုက်လေးတစ်ခု သူ့မှာရှိနေပါသေးတယ်။ ဆယ်တန်းကဗျာ ပြဋ္ဌာန်းချက်အသစ်တွေ ထွက်တဲ့နှစ်။ ပုဂံခေတ်ကစပြီး ရှေးကဗျာတွေ တစ်လှေကြီးပါလာတော့ ခေတ်ပေါ်ကျောင်းသားတွေအတွက် အခက်အခဲရှိလာတာပေါ့။ ကျွန်တော်က ကဗျာတစ်ပုဒ်ကို သရုပ်ဖော် ပုံတစ်ပုံရေးဖွဲ့ပြီး ကျောင်းသားတွေကိုပေးချင်တယ်။ ဒါကြောင့် သူနဲ့ တွေ့တယ်၊ သူ့ကိုအပ်တယ်။ ကဗျာတွေကို ဖတ်ကြည့်ပြီး သူက ပြောတယ်။

"ဒါတွေကို သရုပ်ဖော်ပုံ ရေးခိုင်းမယ်ဆိုရင် ကျွန်တော်နဲ့ သိပ်မကိုက်ဘူးဗျ။ ဆရာကျော်နဲ့ ကိုက်တယ်။ ဆရာကျော်ကို ခင်ဗျား သိလား"

"ဟာ သိပ်သိတာပေါ့။ မိုးဟိန်း ဦးသန်းအောင်ဆီမှာနေတုန်းက ဆရာကျော်ရဲ့ ဆီဆေးကားသေးသေးလေးတွေ တွေ့ဖူးတယ်။ ကျွန်တော် အရမ်းကြိုက်တယ်"

"ဒါဆို ဆရာကျော့် ကောက်ကြောင်းတွေကိုလည်း မြင်ဖူးမှာပေါ့။ ဆရာကျော့် ကောက်ကြောင်းတွေနဲ့ဆိုရင် ခင်ဗျားလိုချင်တဲ့ ကဗျာသရုပ်ဖော်ပုံတွေ ကောင်းကောင်းရမယ်"

"ဆရာကျော်နေတဲ့နေရာ ကျွန်တော် မသိဘူး"

"ကျွန်တော် လိုက်ပို့ပေးမယ်"

mgyoe.com

ပြောပြောဆိုဆိုနဲ့ ကိုဝသုန်က ဆိုက်ကားတစ်စီးငှားပြီး ကျိုက္ကဆံဘက် ဆရာကျော်တို့အိမ်ကို လိုက်ပို့တယ်။ ကိုဝသုန်က ဆရာကျော်နဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးတယ်။ ဒီလိုလုပ်ပေးရတာကိုလည်း ကြည်နူးကျေနပ်နေတယ်။ ကျွန်တော့်မှာ ဆရာကျော်နဲ့ ဆုံခွင့်ရလို့ ပျော်ရသလို ကိုဝသုန်ရဲ့ ဖြူစင်တဲ့စေတနာနဲ့ ကြုံခွင့်ရတာမို့ ပီတိနှစ်ဆ ခံစားရပါတယ်။

'အကြဲတူရန်သူ' ဆိုတာ စီးပွားရေးသမားတွေကြားမှာရှိပေမဲ့ ပန်းချီအနုပညာသမားတွေကြားမှာတော့ ဘာမှအဓိပ္ပာယ်မရှိတဲ့ စကားပါပဲ။ တကယ်ဆို ကိုဝသုန်က professionalသရုပ်ဖော်ပန်းချီဆရာပါ။ ကျွန်တော်က အလုပ်သွားအပ်တဲ့ Customer လေ။ ကိုယ့်လက်ထဲရောက်တဲ့ ဖောက်သည်ကို သူများဆီသွားပို့ပေးတယ်ဆိုတာ ခေတ်ပေါ် ဘောဂဗေဒသမားတွေအတွက်တော့ ပြက်လုံးတစ်ခု ဖြစ်နေမလားပဲ။ကိုယ်နဲ့ မလိုက်ဖက်တဲ့ အနုပညာကို ဖွတ်မဖန်တီးဘဲ ကိုယ့်ထက် အံဝင်ခွင်ကျဖြစ်အောင် ဖန်တီးပေးနိုင်တဲ့ အနုပညာရှင်ဆီကို အိမ်တိုင်ရာရောက် လိုက်ပို့ပေးတာကို 'သာမန်ကိစ္စလေး' လို့ ကျွန်တော်သဘောမထားနိုင်ပါဘူး။ လေးစားအတုယူဖွယ်ကြီးကျယ်မြင့်မြတ်မှုတစ်ခုလို့ စိတ်ထဲမှာ အောက်မေ့နေမိပါတယ်။

(၄)

"ကိုမျိုးအောင် ခင်ဗျားနဲ့ ကျွန်တော့်ကို လူမှားပြီး စကား လာပြောတယ်ဗျသိလား။ သူက ပထမ ဆရာလို့ခေါ်တယ်။ ကျွန်တော် မသိသေးဘူး။ ကျွန်တော် ဦးဉာဏ်လွင်ကျောင်းမှာ တက်ခဲ့တာလေဆိုတော့မှ ကျွန်တော်က ပန်းချီဝသုန်ပါလို့ ဖွင့်ပြောလိုက်တယ်။ သူက တောင်းပန်ပြီး ဆရာဦးမျိုးအောင် ထင်လို့ပါတဲ့"

ကျွန်တော့်ကိုလည်း ဆရာဝသုန် မဟုတ်လားလို့ မှားမေးခဲ့ဖူးသူရှိကြောင်း ပြန်ပြောပြပါတယ်။ အရပ်ရှည်တယ်၊ ပိန်ကာ၊ နှာခေါင်းချွန်တာ၊ ခပ်ကိုင်းကိုင်း လမ်းလျှောက်တာချင်းက ဆင်တူနေကြတာကိုး။ ဒါတင်မကဘူး။ အနုပညာကို အီလေးဆွဲပြီး လုပ်တတ်တဲ့အကျင့်ကလည်း တူသေးတာကိုး။ ဒါကြောင့် ကျွန်တော်တစ်ခါက သူ့ကို ကျီစယ်ပြောခဲ့မိတယ်။

"ကိုဝသုန်ရေ… ကျန်းမာရေးဂရုစိုက်ပါဗျာ။ ခင်ဗျား သေလို့မဖြစ်

mgyoe.com

mgyoe.com


သေးဘူး။ ခင်ဗျားလည်း ပန်းချီရေးတာကြာတယ်လို့ နာမည်ကြီးတယ်။ ကျွန်တော်လည်း ဇာတ်ညွှန်းရေးတာကြာတယ်လို့ သတင်းကြီးတယ်။ တစ်ယောက်ယောက်များမရှိရင် ကြေးတန်းညှိစရာ အဖော်ပျောက်သွားမှာ စိုးလို့"

"ဒါဆို ခင်ဗျားလည်းမသေနဲ့ဦး ဟေ့လူ' လို့ ကိုဝသုန်က နှေးကွေးလေးလံတဲ့ သူ့အသံကို မြန်ချင်ယောင်ဆောင်ပြီး ပြန်ပြောခဲ့ပါသေးတယ်။ ကိုမင်းဝေအောင်၊ ကိုမောင်မောင်လှမြင့်၊ ကိုစိန်မျိုးမြင့်တို့ရဲ့ ပွဲတစ်ခုမှာ ကိုဝသုန်ကို တွေ့တဲ့အချိန်မှာ ကျွန်တော် တစ်ခါမှ မမြင်ဖူးတဲ့ သူ့ရဲ့ဟန်၊ သူ့ရဲ့လေသံကို ခံစားလိုက်ရပါတယ်။ တကယ့်အမှတ်တရပါပဲ။ ကိုဝသုန်ရဲ့ အသံက လှိုက်လှဲနေတယ်။ ကျွန်တော့်လက်ကိုဆွဲပြီး

"ဟေ့လူလာဦး၊ ခင်ဗျားဆုံးသွားပြီလို့ ဇော်မင်းက ပြောလို့ ကျုပ်တို့ စိတ်မကောင်းဖြစ်နေတာ"

"မနောက်ပါနဲ့ ကိုဝသုန်ရာ"

"ကျွန်တော် မနောက်ဘူး။ တကယ်ပြောတာ"

ကျွန်တော်နဲ့ ကိုဝသုန်ရှိရာကို ပန်းချီကိုဇော်မင်းက ပြုံးဖြီးဖြီးကြီး ရောက်လာတယ်။ သူ့ထုံးစံအတိုင်း အားရပါးရစကားအဟုန်နဲ့ ပြောတယ်။

"ဟုတ်တယ် ကိုငြိမ်းမင်းရ... ကျွန်တော့်အိမ်နားက ဗီဒီယိုကြည့်နေကျ ဂျာနယ်ဖတ်နေကျ အဒေါ်ကြီးက ပြောတယ်ဆိုတော့ အလွန်ခိုင်လုံတဲ့ သတင်းပေါ့ဗျာ"

"ငြိမ်းမင်းဆိုတာ သေချာရဲ့လားဗျာ"

"သြော် ကျွန်တော်က သေသေချာချာကိုမေးတာ။ ခင်ဗျားနဲ့ ကိုစိုးမိုးက ကျွန်တော့်အိမ် လာဖူးတယ်မဟုတ်လား။ ကျွန်တော်က ပန်းချီ စိုးမိုးလား၊ ဇာတ်ညွှန်းငြိမ်းမင်းလား သေသေချာချာ မေးတာ။ အဒေါ်ကြီးက ငြိမ်းမင်း ဆုံးသွားတာပါတော်တဲ့။ ကျွန်တော်သေချာပြီဆိုပြီး ဖုန်းလျှောက်ဆက်တာ ကျော်သောင်းဆီလည်းဆက်တယ် ၊ ဆရာညို (ပန်းချီမောင်ညိုဝင်း) ဆီလည်း ဆက်တယ်။ အဲဒီမှာ အားလုံးသိသွားတာ"

ခပ်လှမ်းလှမ်းက ကျွန်တော်တို့စကားများကို ကြားနေတဲ့ ဆရာညိုက ကိုင်ထားတဲ့ ဖန်ခွက်လေးကို နံဘေးချလိုက်ရင်း လှမ်းပြောလိုက် ဖြစ်ပါတယ်။

mgyoe.com

mgyoe.com

"ဟုတ်တယ် ၊ ဟုတ်တယ်။ ဒီကောင် ဖုန်းဆက်တော့ ဒီလူ့ပုံကို ငါ မရေးချင်ဘူးကွာလို့ ပြောလွှတ်လိုက်တာ"

ဆရာညိုက နာမည်ကျော် အနုပညာသမားကြီးတွေ ကွယ်လွန်ရင် ပုံတူပန်းချီကားရေးပြီး ဂုဏ်ပြုနှုတ်ဆက်တတ်တဲ့ ပန်းချီဆရာကြီးပါ။ မိတ်ဆွေပန်းချီဆရာတွေကြားမှာ ကျွန်တော် ကွယ်လွန်သွားတယ် ဆိုတဲ့ သတင်းက ပြက်လုံးတစ်ခုဖြစ်သွားပါတော့တယ်။ ကိုဝသုန်က ကျွန်တော့် ကိုမြင်ပြီးပျော်ရွှင်ကြည်လင်သွားတာကို တွေ့လိုက်ရတာ ပထမဆုံးနဲ့ နောက်ဆုံးပါပဲ။

(၅)

လင်္ကာဒီပချစ်သူ ရုပ်ပြကြီးကို တတိယအကြိမ် ပြန်ထုတ်ဖို့ ကိုနိုင်ကြီး က စီစဉ်တယ်။ လုံးဝမျှော်လင့်မထားဘဲ ကိုဝသုန်ဆီက စာတစ်စောင်ရောက် လာတယ်။ လင်္ကာဒီပချစ်သူရုပ်ပြမှာ အမှာစာ ရေးပေးပါတဲ့။ ကျွန်တော် အံ့ဩတုန်လှုပ်သွားမိတယ်။ ကျွန်တော့်မှာ အဲဒီစာအုပ်ကြီးကို အမှာစာ ရေးရလောက်အောင် စာရေးခဲ့တဲ့သမ္မာနဲ့ အစဉ်အလာမရှိသေးဘူးလို့ နားလည်မိလို့ပါ။ ကိုဝသုန်က ယုံကြည်စိတ်ချစွာ ရေးခိုင်းနေပြီဆိုပြန်တော့ ငြင်းဖို့လည်း ခက်နေပြန်ရော။ အဆုံးမှာတော့ 'ပရိသတ်ရဲ့ ကိုယ်စား' ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆရာဝသုန် နောက်ထပ်ရေးဖို့တောင်းဆိုတဲ့စာတစ်စောင် ရေးပေးခဲ့ပါတယ်။ အဲဒီစာရဲ့ တစ်နေရာမှာ ကျွန်တော် ဒီလိုရေးခဲ့မိတယ်။

"အသက်ငယ်တုန်းကတော့ မျှော်လင့်ချက်တွေက အကြီးကြီး၊ အသက်ကြီးလာတော့ မျှော်လင့်ချက်တွေက ငယ်ငယ်သွားတယ်။ အသက်နဲ့ မျှော်လင့်ချက်ဟာ ပြောင်းပြန်အချိုးကျ ဖြစ်တတ်တာကို.. အကျပ်အတည်း၊ အကျဉ်းအမြောင်းတွေကြားထဲက ဘဝကို ချောင်မှာ ထိုးပြီး အနုပညာကို ရူးသွပ်ခဲ့ကြတာတွေ...ရှေ့က လမ်းဖောက်ခဲ့တဲ့ အနုပညာရှင်ကြီးတွေ၊ လက်တည့်တည့်၊ မတည့်တည့် ပစ်ခဲ့ကြတာတွေ၊ တကယ်တမ်းလည်း လက်တည့်ရော ပစ်အားမရှိတော့ဘဲ လက်ပန်းကျသွားကြတာတွေ... ခြေလှမ်းတိုင်းမှာတော့ ဝေဒနာသင်ခန်းစာတွေ ဗရပွနဲ့ပါ။ ဒါပေမဲ့ ကျွန်တော် တွေ့ဖူးခဲ့တဲ့ ပန်းချီဆရာတွေထဲမှာ ခင်ဖျားဟာ ထူးဆန်းတဲ့ လူတစ်ယောက်ပါ"

mgyoe.com

mgyoe.com

(၆)

ဝသုန်ဆိုတာ မြေကြီးလို့ အဓိပ္ပာယ်ရှိတယ်။ ခင်ဖျားရဲ့ အင်တာဗျူး တစ်ခုမှာ ကျွန်တော် ဖတ်ခဲ့ရဖူးတယ်။

"ပစ္စည်းမဲ့လူတန်းစားတွေရဲ့ ဘဝဟာ မြေကြီးနဲ့တူတယ်။ တည်ငြိမ် တယ်၊ ခိုင်မာတယ်၊ ခံနိုင်ရည်ရှိတယ်။ ဒီလိုမြေကြီးဆန်တဲ့ဘဝတွေကြားမှာ မွေးဖွားလာခဲ့ရတဲ့အတွက် မြေကြီးလို့ အဓိပ္ပာယ်ရတဲ့ 'ဝသုန်' ဆိုတဲ့နာမည်ကို ယူခဲ့တာပဲ"

ခင်ဖျားရဲ့ ခန္ဓာရုပ်ကြွင်းဟာ မြေကြီးပေါ်ကိုရောက်သွားခဲ့ပေမဲ့ ခင်ဖျား ရဲ့အနုပညာတွေကတော့ ကောင်းကင်ပေါ်မှာ တောက်ပလှလွင်နေဆဲပါပဲ ဗျာ။ ခင်ဖျားဟာ ခင်ဖျားရတာထက် ပိုပေးနိုင်ဖို့ အမြဲကြိုးစားခဲ့တဲ့လူပါ။ ခင်ဖျားဟာ ကမ္ဘာမြေကြီးပေါ်က အနုပညာကုသိုလ်တွေ တစ်ထမ်းတစ်ပိုးကြီး ယူဆောင်သွားနိုင်ခဲ့တယ်လို့ ကျွန်တော် အကြွင်းမဲ့ ယုံကြည်နေပါတယ်။ အခွင့်သာမယ်ဆိုရင် ခင်ဖျားအတွက် 'မြေကြီးယောင်ဆောင်တဲ့ ကောင်းကင်' ဆိုတဲ့ ပန်းချီကားတစ်ချပ် ရေးချင်ပါသေးတယ် ကိုဝသုန်။

အောင်မြင့်ခြင်း မဂ္ဂဇင်း
**PERFECT**၊ ၂၀၀၉၊ နိုဝင်ဘာလ

❑

mgyoe.com

mgyoe.com

# အမှတ်တရ ဆရာကံချွန်

“ဘဝဆိုတာ ကြိုရေးထားပြီးသား စာအုပ်တစ်အုပ်တဲ့
ဒါပေမဲ့ ဘယ်သူမှ ကြိုဖတ်ခွင့်မရခဲ့တာကတော့
ကံကြမ္မာရဲ့ကစားကွက်တစ်ခုပေါ့”

ကျွန်တော်နဲ့ ဆရာချစ်ဦးညိုတို့ ပြဇာတ်ကိစ္စတစ်ခုနဲ့ မန္တလေးကို ၁၃–၈–၀၉ နေ့က ရောက်ခဲ့တယ်။ နန်းတော် ဆေးရုံပေါ်ရောက်နေတဲ့ ဆရာကံချွန်ကို အဲ့ဒီနေ့မှာပဲ သွားတွေ့ကြတယ်။ အဲ့ဒါကိုက ဇာတ်လမ်းသမားနှစ်ယောက် (ကျွန်တော်နဲ့ ဆရာချစ်ဦးညို) ကို ဇာတ်လမ်းဆိုတာကြီးက ပြန်လုပ်လွှတ်လိုက်တဲ့ ဇာတ်ကွက်တစ်ကွက်ပါပဲ။

ကိုကံချွန်ရှိတယ်ဆိုတဲ့ တတိယထပ်ကို ရင်တခုန်ခုန်နဲ့ တက်လာခဲ့ကြတယ်။ အခန်းတံခါးကိုလှပ်ပြီး ဝင်လိုက်တော့ အခန်းအနောက်ဘက်ခြမ်းမှာ အောက်စီဂျင်ပိုက် ဆေးရည်ပိုက်တွေတန်းလန်းနဲ့ အိပ်ရာထဲ လဲနေတဲ့ ဆရာကံချွန်ကို လှမ်းမြင်လိုက်ရတယ်။ ရင်ထဲဆို့နင့်သွားမိတယ်။ ကျွန်တော်တွေ့ခဲ့ဘူးတဲ့ ဆရာကံချွန်မှ မဟုတ်တော့တဲ့။ ချက်ချင်းသူ့အနားမသွားရဲဘူး။ အခန်းအရှေ့ဘက်အကွယ်မှာ ရှိနေတဲ့ ဆရာကံချွန်သမီး စိန်စိန်ဦးကို အရင်တွေ့ပြီး သတင်းမေးရတယ်…။ ဩော် ပေါက်စနလေးတုန်းက ကိုယ် စာသင်

mgyoe.com


mgyoe.com
mgyoe.com

mgyoe.com


ပေးခဲ့တဲ့ တပည့်မ စိန်စိန်ဦးတောင် သူ့အဖေချစ်ဖို့ မြေး ၃ ယောက် မွေးပေးခဲ့ပြီးပြီ။ ထင်တာထက် ပိုပြီးရင့်ကျက်နေတဲ့ သမီးက အငိုအရယ် ရောထားတဲ့ မျက်လုံးတွေနဲ့ အခြေအနေတွေကို ရှင်းပြတယ်။

လောကထဲက ရက်ပိုင်းအတွင်း နှုတ်ဆက်ထွက်ခွာဖို့ သေချာနေတဲ့ မိတ်ဆွေတစ်ယောက်ကို တွေ့ဆုံရတာ စကားပြောရတာ အလွန်စိတ်ဖိစီးမှု ကြီးမားတဲ့ ဝန်ထုပ်ဝန်ပိုးကြီးပါပဲ။ မျှော်လင့်မထားဘဲ ကျွန်တော်တို့ နှစ်ယောက်ကိုတွေ့ရတာ ဆရာကံချွန်က မှိန်ဖျော့ဖျော့ မျက်ဝန်းတွေနဲ့ ပြုံးပြီး နှုတ်ဆက်တယ်။ သမီးစိန်စိန်ဦးက ဆရာကံချွန်ရဲ့ တစ်ကိုယ်တော် ပန်းချီပြပွဲ ဖိတ်စာလေးလာပေးတော့ အံ့ဩတုန်လှုပ်သွားမိပြန်တယ်။ ကျွန်တော်တို့ မန္တလေးမှာရှိတဲ့ (၁၅–၈–၀၉)နေ့မှာ ဖွင့်ပွဲလုပ်မှာဆိုတော့ လာဖြစ်အောင်လာမယ်လို့ ပြောခဲ့တယ်...။

မလိုအပ်တဲ့ စကားတွေ မပြောမိအောင် ထိန်းပြီး အတတ်နိုင်ဆုံး ပြုံးပြဖို့ပဲ အားထုတ်နေမိတယ်။ ပြောစရာစကားတွေ ပျောက်နေတယ်။ စကားလုံးအရှာတတ်ဆုံးဆိုတဲ့ လူနှစ်ယောက်ကို စကားလုံးတွေက ဆုံးမနိုပ်ကွပ်နေတဲ့ ပုံပဲ။

အပြန်လမ်းမှာ ကိုကံချွန်ဆိုတဲ့ လူတစ်ယောက်အကြောင်း ဦးနှောက်ထဲမှာ ဇာတ်ကြောင်းပြန်ပြီး အတွေးပုံဖော်နေမိတယ်။

လွန်ခဲ့တဲ့ အနှစ် ၃၀ ကျော်။

ကျွန်တော့်ရဲ့ မန္တလေး မြန်မာစာ ကျူရှင်ဆရာဘဝ။

သမီးလေး စိန်စိန်ဦးကို စက်ဘီးလေးပေါ်တင်ပြီး ဆရာကံချွန်က ၇၅ လမ်းမှာရှိတဲ့ ကျွန်တော့်ကျောင်းကို လာပို့တဲ့ကာလ။

သူ့ဘဝမှာ သူ့သမီးကလွဲပြီး ဘာမှ အရေးကြီးပုံမရတဲ့ အဖေတစ်ယောက်အဖြစ် ရင်းနှီးခဲ့တာပါ။ ကျွန်တော် မြန်မာစာသင်ပြီးချိန်မှာ သမီးကို လာကြိုနေတဲ့ ကိုကံချွန်ကို နှုတ်ဆက်တတ်ပါတယ်။ အဲ့လို နှုတ်ဆက်တဲ့ အခါတိုင်း ကျွန်တော့်ကို စာရေးဖို့၊ စာရေးစရာတွေ အများကြီးရှိရက်သားနဲ့ ဘာလို့ မရေးတာလဲ မေးမေးပြီး တိုက်တွန်းခဲ့တယ်။ ကျွန်တော်ကတော့ ကျွန်တော် ပြောချင်တာတွေအားလုံး ကျွန်တော့်ချစ်တပည့်တွေကို ပြောပြသင်ပြပေးလိုက်ရတာနဲ့ကို ရင်ထဲမှာ အကျေနပ်ကြီး ကျေနပ်သွားတဲ့

mgyoe.com

mgyoe.com


အကြောင်း ပြန်ပြောနေမိတယ်။

ကျွန်တော့်ကို စာပေသမားဖြစ်စေချင်တဲ့ ဆရာကံချွန်က သူနဲ့အတူ စာပေဟောပြောပွဲလိုက်ဟောဖို့ စည်းရုံးခဲ့တယ်။ ဆရာကံချွန်ရဲ့ ကျေးဇူးနဲ့ ကျွန်တော်ဟာ စာရေးသူမဖြစ်ဘဲ 'စာဟောသူ' အဖြစ်နဲ့ စာပေဟောပြောပွဲ အချို့ကို ဆင်နွှဲဖြတ်သန်းခဲ့ရဖူးပါတယ်။ (ကျွန်တော့်ကိုယုံပြီး အကြီး အကျယ်စီစဉ်ခဲ့တဲ့ စာပေဟောပြောပွဲကြီး တချို့မှာ ကျွန်တော် ပျက်ကွက်ခဲ့တဲ့ နောက်ပိုင်းမှာတော့ ဆရာကံချွန် သိပ်မခေါ်ရဲတော့ပါဘူး။ ဟုတ်တယ်နော် ဆရာကံ)

ဆရာကံချွန်ရဲ့ ချစ်ဖို့အကောင်းဆုံး စရိုက်ကလေးကတော့ သူကိုယ် တိုင်အလုပ်လုပ်သလို သူနဲ့ ရင်းနှီးခင်မင်သူတွေလည်း အလုပ်လုပ်ဖို့ အမြဲ တိုက်တွန်းတတ်တာလေးပါပဲ။ ကျွန်တော့်ကျူရှင်ကိုလာရင်း တခြားကျူရှင် တွေကို သမီးပို့ရင်း 'ခေတ်ကျောင်းသား' ဝတ္ထုကို သူရေးခဲ့တယ်။ အဲ့ဒီဝတ္ထု ထဲမှာ ကျွန်တော်တို့က ဇာတ်ဆောင်တွေပေါ့။ အဲ့ဒီနောက် ကျွန်တော့်မျက်စိ အောက်မှာတင် စာအုပ်တွေ ဟောတစ်အုပ် ဟောတစ်အုပ် ရေးခဲ့ထုတ်ခဲ့နိုင်ခဲ့ တာ ခုချိန်အထိ စာအုပ် ၇၃ အုပ် ပုံနှိပ်ထုတ်ဝေပြီးပြီ။ ဆရာကံချွန်ရဲ့ စကားတွေကို နားထဲမှာ ခုထိကြားနေတယ်။

"သိပ်ကောင်းမှသာ ရေးမယ်ဆိုရင်
အကြာကြီးစောင့်နေတာနဲ့ မရေးဖြစ်တော့ဘူး
ဒီတော့ ရေးဖြစ်အောင် သတ္တိမွေးရတယ်။
အကောင်းစားမဟုတ်တောင်အညံ့စားမဖြစ်အောင်
သတိထားလိုက်တယ်...
အနည်းဆုံး မညံ့အောင်ကြိုးစားလိုက်တော့ ရေးဖြစ်သွားရော"

အနုပညာလောဘကြီးတတ်တဲ့ ကျွန်တော့်ကို သတိပေးသွားတဲ့ စကားစုပါပဲ။ အကောင်းစားဖြစ်အောင် ကျွန်တော်တို့ အချိန်အကြာကြီး အလုပ်လုပ်ကြတယ်။ အချိန်တွေ အကြာကြီး အများကြီးယူပြီး လုပ်တိုင်းရော အကောင်းစားတွေချည်း ထွက်ခဲ့ပါသလားဆိုတဲ့ မေးခွန်းကြီး ရင်ဘတ်ထဲ စူးသွားတယ်။

၁၄-၈-၀၉ နေ့မှာ နန်းတော်ရှေ့ဆေးရုံကို တထင့်ထင့်နဲ့ နောက်

mgyoe.com

mgyoe.com


တစ်ကြိမ်သွားခဲ့ပြန်တယ်။ ဖွင့်ပွဲနေ့အတွက် စိတ်မချလို့။ သူလာမှ လာနိုင်ပါ့မလားလို့ အခြေအနေသိချင်လို့ပါ။ ကျွန်တော့်ရှေ့မှာ ပြပွဲအတွက် ပန်းချီပုံတွေကို ဘယ်လိုချိတ်တယ်ဆိုတာ ခေတ်ပုံရိုက်ယူပြီး လာပြတဲ့ ဇော်မြင့် (ရှီမြင့်ရုပ်ရှင်ပိုင်ရှင်)ကို တွေ့ရတယ်။ လျှပ်တပြက် ဂျာနယ် လာပို့တဲ့သူနဲ့ဆုံရတယ်။ ဖွင့်ပွဲမှာ အစီအစဉ်တာဝန်ယူရမယ့် ဆရာမ ဝင်းဝင်းမြင့် (နန်းတော်ရှေ့)တို့၊ ဆရာမ ချောအိမာန်တို့နဲ့ ဆရာကံချွန်ကို ပြုံးပြုံးကြီး တွေ့ရမှ သက်ပြင်းချမိတယ်။

ဒီတစ်ကြိမ်မှာတော့ ကျွန်တော် စကားပြောဖို့ ကြိုးစားခဲ့မိတယ်။ ဘာမှ မပြောနိုင်သေးခင် သူ့လက်ကို ဆုပ်ကိုင်မိတယ်။ အရေပြားတွေ လှိုင်းတွန့်နေပြီး သွေးကြောတောင် မဖောင်းနိုင်တော့တဲ့ သူ့လက်ရဲ့အထိအတွေ့က ကျွန်တော်လန့်သွားအောင် အေးစက်ထုံကျင်သွားတယ်။ ရှိသမျှ အင်အားတွေစုပြီး စကားတွေ စီပြောမိတယ်။

"ခင်ဗျားစိတ်ထဲမှာ ပြောချင်တာဘွေ အများကြီး မဟုတ်လား လုပ်ချင်တာတွေလည်း အများကြီး မဟုတ်လား။ ဘယ်ပြီးနိုင်မလဲ ... အဲ့သလို မပြီးနိုင်တာကိုက အနုပညာသမားရဲ့ဘဝပဲ၊ ပြီးသွားရင် ဘယ်အနုပညာဖြစ်တော့မှာလဲ..."

ထိန်းနေရင်းက မပြောသင့်ပြောသင့် ဆိုတဲ့ သတိမရှိတော့ဘဲ စကားလုံးတွေကို ယောင်ယမ်းရေရွတ်လိုက်မိတယ်။ သူ့ကို ပြောချင်နေတော့လည်း မပြောသင့်တာကို မချိန်ဆမိတော့ပါဘူး။

ဆရာကံချွန်က ကျွန်တော့်ကို ကြည့်ပြီး...

"တကယ့်အချိန်မှဗျာ" လို့ပြောရင်း ပြုံးတင်းတင်းနေတဲ့ကြားက မျက်ရည်တစ်စက်ထွက်ကျသွားခဲ့တယ်။ ကျွန်တော်လည်း သမီး စိန်စိန်ဦး ရှိရာလှမ်းကြည့်လိုက်ပြီး ဆရာကံချွန်ကို ပြန်ကြည့်လိုက်တော့ ယှဲ့ယှဲ့နွမ်းနွမ်းလေး ပြုံးနေတာကို မြင်ရပြန်တယ်။

"ခင်ဗျား တာဝန်ကျေပါတယ်ဗျာ" လို့ ပြောမိသွားပြန်တယ်။

ဖခင်ကောင်းတစ်ယောက်အနေနဲ့ သူ့သမီးလေးကို တင့်တောင်းတင့်တယ်ဖြစ်အောင် သူကြိုးစားခဲ့ပြီးပြီ။ အောင်မြင်ခဲ့ပြီးပြီ။ ဒါဟာ စာရေးဆရာတစ်ယောက်ရဲ့ ကြီးကျယ်မြင့်မြတ်မှုတစ်ခုမို့ အရေးကြီးပါတယ်။

mgyoe.com

mgyoe.com


စာရေးဆရာ အနုပညာသမားဆိုရင် မိသားစုတာဝန်မကျေတတ်တဲ့ စရိုက်ကို ဆရာကံချွန်က ရိုက်ချိုးပြခဲ့တယ်။

'အပျိုစင်တို့ သိဖို့ ယောက်ျားတို့အကြောင်း' တွေကို သူ့သမီးကို သာမက မြန်မာပြည်က သမီးပေါင်းများစွာကို ပြောပြရင်း ဆုံးမပဲ့ပြင်ပေးနိုင်ခဲ့ပါပြီ။ လောက၏ မာယာအချို့ကို ဟာသရှုထောင့်မှ တင်ပြတတ်တာမို့ ရယ်ရယ်မောမောနှင့် နားလည်ခွင့်လွှတ်တတ်အောင်လည်း ရေးဖွဲ့ပြခဲ့ပါပြီ။

(၁၉၉၀ ဝန်းကျင်...)

ဆရာကံချွန်နဲ့ ကျွန်တော်တို့နှစ်ယောက်လုံး မန္တလေးမြို့ထဲက မြို့သစ်ကို ရောက်လာကြတော့ အတွေ့အဆုံတွေ ပိုပြီးစိတ်လာခဲ့ကြတယ်။ စကားပြောချင်တဲ့ ကျွန်တော်တို့မှာ တစ်ခါတစ်ရံ စကားပြောဖော်က အရှားသား။ တစ်ခါတစ်ခါ သူက ကိုယ့်ရှာ၊ ကိုယ်က သူ့ရှာ... တွေ့ပြီး စကားပြောဖို့ပါ။ ပန်းချီကျောင်းဆင်းဆရာကံချွန်က ပန်းချီပြန်ရေးမယ့် အကြောင်းပြောတော့ ကျွန်တော် ဝမ်းသာမိတယ်။ ကျွန်တော် မကွေး ကောလိပ်ကျောင်းသားဘဝက ပြုခဲ့ဖူးတဲ့ ပန်းချီစာတမ်းအကြောင်း ဖောက်သည်ချမိတယ်။ စာရေးဖို့ စည်းရုံးတာမှာ မအောင်မြင်ခဲ့တဲ့ ဆရာကံချွန်က ကျွန်တော့်ကို ပန်းချီပြန်ရေးဖြစ်အောင် စည်းရုံးခဲ့ပြန်ပါတယ်။

ဒါအလွန်အောက်မေ့ဖို့ကောင်းတဲ့ ဆရာကံချွန်ရဲ့စရိုက်ပါပဲ။ ကျွန်တော့်ကို ပန်းချီဆွဲဖြစ်အောင် ရေဆေး (WATAR COLOUR) ဆေးဘူးလေးတစ်ဘူး လက်ဆောင်ပေးခဲ့တာကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး။ စာအုပ်တွေ တစ်အုပ်ပြီး တစ်အုပ်ကနေ ပန်းချီကားတွေ တစ်ချပ်ပြီး တစ်ချပ် သူရေးဖြစ်ခဲ့တယ်။

ကျွန်တော်ကတော့ ခေါင်းစဉ်တွေ နိဒါန်းတွေသာ များများလာပြီး နိဂုံးမချုပ်နိုင်တာတွေက တောင်ပုံရာပုံနဲ့။ အနုပညာ မြတ်နိုးသူသက်သက်ဘဝမှာပဲ အချိန်တွေအများကြီး ကုန်လွန်ခဲ့ပါတယ်။ ကျူရှင်ဆရာဘဝဆိုတော့လည်း ကိုယ်လုပ်ချင်တာကို သူဖြစ်ချင်တာနဲ့ လဲနေရတာမဟုတ်လား။ နောက်တော့ ကျွန်တော်က ဇာတ်ညွှန်းရေးသူဘဝနဲ့ ရန်ကုန်ရောက်။ သူကတော့ မန္တလေးမှာပဲ စာရေးဆရာကြီး၊ ပန်းချီဆရာကြီး။

မန္တလေးမှာ 'ဇာတ်ညွှန်းနဲ့ ရုပ်ရှင်အနုပညာသင်တန်း' ဖွင့်မယ်လို့

mgyoe.com

mgyoe.com


သူ့ကို တိုင်ပင်တော့ သူစီစဉ်ပေးမယ်လို့ အားတက်သရောပြောခဲ့တယ်။ သင်တန်းနေရာကိစ္စ ညှိနှိုင်းနေတုန်းမှာပဲ ကျွန်တော်တို့ဆရာတစ်ယောက်က မန္တလေးမှာ ရုပ်ရှင်သင်တန်းဖွင့်မယ်ဆိုတာနဲ့ ကျွန်တော့်အစီအစဉ်ကို ခေါက်သိမ်းထားလိုက်တယ်။ ဆရာကံချွန်ကတော့ အလုပ်ကြိုးစားသူပီပီ အလုပ်လုပ်သူတိုင်းကို ကူညီခဲ့တာချည်းပါပဲ။

၁၅–၈–၀၉ ဆရာကံချွန် တစ်ကိုယ်တော်ပန်းချီပြပွဲ၊ ဖွင့်ပွဲနေ့မှာ မန္တလေး ORIENTAL HOUSE ကို ကျွန်တော်နဲ့ ဆရာချစ်ဦးညိုတို့ အစောကြီးရောက်နေခဲ့တယ်။ ကျွန်တော်တို့ရှေ့မှာ ရောက်နှင့်သူက တစ်ယောက်ထဲ။ ဆရာကံချွန်ရဲ့ ညီအရင်း ဗီဒီယိုရိုက်တဲ့ ကိုလှဝင်း။

ကျွန်တော်နဲ့ ဆရာချစ်ဦးညိုတို့ ပန်းချီပြခန်းထဲကို ဈေးဦးပေါက်ဝင်ကြည့်ခဲ့ကြတယ်။ ကျွန်တော်တို့နောက် ရောက်လာသူကတော့ ဆရာစိုင်းခမ်းလိတ်တို့ဇနီးမောင်နှံပါ။ ပြီးတော့မှ ပိုးချဲလေးနဲ့ ဆရာကံချွန်... ပြီးတော့... ပြီးတော့...

မန္တလေး အနုပညာအသိုင်းအဝိုင်းက ဆရာကြီး ဆရာလတ် ဆရာလေး အစုံညီဆုံး တွေ့ရတဲ့ပွဲပါပဲ။

သည်ပွဲကို တက်ရောက်ဖို့ ဖိတ်တဲ့ စာလေးထဲမှာ ဆရာကံချွန်က...

"လူကြီးမင်းရဲ့ တန်ဖိုးရှိသော အချိန်အနည်းငယ်ပေးပြီး တက်ရောက်မည်ဆိုရင် ကြိုတင်ကျေးဇူးတင်၍ ဝမ်းသာဂုဏ်ယူပါမည်။ ဖွင့်ပွဲအချိန်မှာ ခဏလေးသာဖြစ်ပါသည်" လို့ ရေးခဲ့ ဖိတ်ခဲ့တယ်။

အဲ့ဒီဖိတ်စာလေးဖတ်ပြီးပြီးချင်း သမီးစိန်စိန်ဦးကို လှမ်းကြည့်ခဲ့မိတယ်။ သမီးစိန်စိန်ဦးက သူ့မျက်လုံးရွဲကြီးတွေကို ပုတ်ခတ်ပြီး...

"ရောဂါဆိုတာ သူ့ဘာသာ ဖြစ်တာ

အဲ့ဒါကို ဆရာဝန်တွေက ကုလိမ့်မယ်တဲ့

ကိုယ်ကတော့ လုပ်စရာရှိတာ ဆက်လုပ်နေရမှာပဲ" လို့ 'ပါပါ' က ပြောတာ။

ဖိတ်စာထဲမှာ 'တန်ဖိုးရှိတဲ့အချိန်' လို့ ရိုးရိုးလေး ရေးထားခဲ့ပြီး 'လုပ်စရာရှိတာ လုပ်မှာပဲ' လို့ သတ္တိရှိရှိပြောခဲ့တာဟာ ခင်ဗျားတစ်ဘဝလုံး ဆုပ်ကိုင်လာခဲ့တဲ့ ယုံကြည်ချက်လို့ ကျွန်တော် နားလည်လိုက်ပါတယ်။

mgyoe.com

mgyoe.com


ခင်ဗျားရဲ့ ပန်းချီပြပွဲမှာ ကျွန်တော် တသသ ဖြစ်နေမိတာ ဘာလဲသိလား... ခင်ဗျား ကိုယ်တိုင် ရေးဆွဲထားတဲ့ ပုံတူ (ကယ်ရီကေးချား) တွေကို ခင်ဗျားကို ဆေးကုပေးတဲ့ ဆရာဝန်တွေဆီပြန်ပြီး လက်ဆောင်ပေးတဲ့ခင်ဗျားရဲ့ ကျေးဇူးသိတတ်မှုပါပဲ။

သေမင်းက လက်တစ်ကမ်းမှာ ရောက်နေတာတောင် ကိုယ့်ကို ဆေးကုပေးတဲ့ ဆရာဝန်ကြီးတွေအတွက် ပုံဆွဲပြီး ကျေးဇူးဆပ် ဖြစ်အောင်ဆပ်ခဲ့တာကတော့ လုပ်စရာရှိတာ တကယ်ကို လုပ်သွားနိုင်တဲ့ လူကြီးလူကောင်းပါပဲဗျာ။

ဆေးရုံပေါ်မှာ နောက်ဆုံးနှုတ်ဆက်စကားတွေ ပြောတုန်းက ခင်ဗျား ကျေနပ်အောင် ကျွန်တော် စကားတစ်ကြောင်း ပြောခဲ့မိတယ်။

"ကျွန်တော်စာရေးမယ်ဗျာ"... ဆိုတော့ ဆရာကံချွန်က မျက်လုံးကို ပင့်ကြည့်ပြီး ပြုံးလိုက်တယ်။ ကျွန်တော် နှုတ်ခမ်းကို ကိုက်ထားရာက ထပ်ပြောလိုက်တယ်...

"တကယ်ပါ ကျွန်တော် စာရေးဖြစ်အောင် ရေးမယ်"

ဆရာကံချွန်က ပြုံးပြုံးကြီး ကြည့်နေပြန်ပါတယ်။

**(၂၀-၈-၀၉ နေ့က ကွယ်လွန်သွားသော ဆရာ ကံချွန်သို့)**

အလင်းတန်းဂျာနယ်၊ စက်တင်ဘာ၊ ၂၀၀၉

❑

mgyoe.com




ကတ်သဘင်အနုပညာ

mgyoe.com

mgyoe.com

mgyoe.com

# ဇာတ်သဘင်အနုပညာ

"မင့်ဘဝမှာ ငါ့အားအကျဆုံး၊ အားအရဆုံးကာလကို ပြောစမ်းပါဆိုရင် ဇာတ်နဲ့လိုက်ပြီး မင်း ပြဇာတ်ဒါရိုက်တာလုပ်တဲ့အချိန်ပဲကွ။ မင်းအများကြီးရလိုက်မှာ" လို့ ကျွန်တော့်ဆရာ အကယ်ဒမီ ဦးမြတ်လေးက အားပါးတရ ပြောခဲ့ဖူးတယ်။ အဲဒီတုန်းက ကျွန်တော် မချိပြုံးလေးနဲ့ ခေါင်းကုတ်ပြီးနေခဲ့တာ။ ဇာတ်သဘင်ရဲ့ ဝေဒနာလှိုင်းလုံးကြားမှာ တအုံးအုံး ကူးခတ်နေရတုန်းကိုး။

မောင်နန်းဝင်းကို ကြည့်ချင်ပွဲ(ဗလာပွဲ) ဘဝကနေ ရုံမင်းသား အဆင့်ရောက်အောင် တွန်းပို့မယ်ဆိုပြီး အောင်မြင်နေတဲ့ ရန်ကုန်ကျူရှင် အခန်းကို လှည့်မကြည့်ဘဲ ထွက်လာခဲ့တာ။ ခုပြန်တွေးရင် ကြက်သီးထစရာကောင်းတယ်။ အဲသလောက် မိုက်အားကောင်းလိမ့်မယ်လို့ ကိုယ့်ကိုယ်ကိုယ် မထင်ခဲ့မိဘူး။ ဇာတ်သဘင်အနုပညာထဲမှာ ဘဝကို နှစ်ထားခဲ့တယ်။ ၃ နှစ်။

ကားလိပ်ဆင်တာအစ... ပြည်ဖုံးကားဆွဲချ... ထရော်လီတွန်း စုံတကာစေ့အောင်လုပ်ခဲ့တာ။ မှိုက်ကောက်၊ ဖြတ်လျှောက်၊ မောင်းထု၊ ဗျောက်ဖောက်၊ အသံပေး၊ ပန်းကန်ဆေး... ဇာတ်သဘင်

mgyoe.com

သင်ရိုးကတော့ ကျွတ်သလားမမေးနဲ့။

ဒါကြောင့်လည်း "အော်ပရာ၊ ပြဇာတ်၊ နှစ်ပါးသီချင်း၊ နောက်ပိုင်း ဇာတ်တော်ကြီး" အထိ ဇာတ်ညွှန်းရေးနိုင်တယ်၊ ဒါရိုက်တာ လုပ်နိုင်တယ်။

'ငြိမ်းမင်း' ဆိုတဲ့နာမည်ကို မြန်မာ့ဇာတ်သဘင် ဇာတ်စင်ပေါ်က စတင်မွေးဖွားပေးလိုက်တာကလည်း တကယ့်ရာဇဝင်အခိုင်အမာပဲ။

'ငြိမ်းမင်း' ဆိုတဲ့ အနုပညာသမားတစ်ယောက်ကို နိုင်ငံတော်က ချီးမြှင့်တဲ့ဆု စတင်ဆွတ်ခူးခဲ့တာလည်း ဇာတ်တော်ကြီး ဇာတ်ညွှန်းနဲ့ပဲလေ။

'မျက်မှောက်ခေတ် စင်တင်ပြဇာတ်နဲ့ ပြဇာတ်စာပေလေ့လာချက်' စာတမ်းကြီးကြောင့် မြန်မာစာအဓိကဘွဲ့ကို ဂုဏ်ထူးနဲ့ အောင်မြင်ခဲ့ရတာလည်း မမေ့ကောင်းတဲ့ ကျေးဇူးမဟုတ်လား။

၂၀၁၂ ခုနှစ် အမျိုးသားစာပေဆုကိုလည်း အဲဒီပြဇာတ်စာပေနဲ့ပဲ ဆွတ်ခူးနိုင်ခဲ့ပြန်တယ်။ ပြဇာတ်နဲ့ ဇာတ်သဘင်အနုပညာဆိုတာ ကျွန်တော့်ရဲ့ လွန်ကျူးငြိတွယ်ခဲ့တဲ့ သမီးရည်းစားပါ။ ဘဝချင်းထပ် ရင်ချင်းအပ်ပြီး သံယောဇဉ်တွေ ရစ်ပတ်ခဲ့ရတာပါ။ ဘယ်တော့မှ မမေ့နိုင်တဲ့ သံယောဇဉ်ကြိုးဆိုတော့ ဘယ်အချိန် တီးခတ်လိုက် တီးခတ်လိုက် သံစဉ်တွေ မကုန်နိုင်ဘူး။

ကျွန်တော်ဟာ ဇာတ်သဘင်အနုပညာဖန်တီးသူအဖြစ် နှစ်မြှုပ် လှုပ်ရှားခဲ့ပေမယ့် ဇာတ်သဘင်အပေါ် သုံးသပ်ဆုံးဖြတ်တဲ့ 'ဆောင်းပါး' များစွာတော့ မရေးဖြစ်ခဲ့ပါဘူး။ ရေးမိသမျှ ခြေရာကောက်ကြည့်ရင်တော့ လွမ်းစရာတွေရော နာစရာတွေပါပြည့်လို့။ ဒါဟာ ဘဝရဲ့ ဝမ်းစာတွေ ဖြစ်ခဲ့ရတာပေါ့။

❑

mgyoe.com

mgyoe.com

# အနီးအဝေး ဝေဖန်ရေး

(၁)

ဝေးလွန်းမှသာ မမြင်ရသည်မဟုတ်။
သေးလွန်းမှသာ မမြင်ရသည်မဟုတ်။
နီးလွန်းလျှင်လည်း မမြင်သာဖြစ်တတ်ချေသည်။
ကြီးလွန်းလျှင်လည်း မမြင်သာ ဖြစ်တတ်ချေသည်။

*အောင်သင်း (အနီးအဝေး စာတန်း)မှ*

(၂)

ကျွန်တော်သည် 'ဝေဖန်ရေးသမား' မဟုတ်ပါ။
ဝေဖန်ရေးဆိုသည့်ပညာရပ်ကိုလည်း မကျွမ်းကျင်ပါ။
ဝေဖန်ရေးသည် ကျွန်တော်လျှောက်ခဲ့သော လမ်းလည်း မဟုတ်ပါ။
ကျွန်တော်အရိပ်ခိုနေသော ကွန်းသာယာလည်း မဟုတ်ပါ။
ကျွန်တော် အရောက်ချီတက်မည့် ပန်းတိုင်လည်း မဟုတ်ပါ။

သို့သော်... ဝေဖန်ရေးသည် အလွန့်အလွန်အရေးပါသော ကိစ္စကြီးတစ်ရပ်၊ တကယ့်တကယ် လိုအပ်လှသော လုပ်ငန်းကြီးတစ်ခု ဖြစ်သည်ကိုကား မမိုတ်မသုန် အပုံအပင် ယုံကြည်နေပါသည်။ မြန်မာ့ဇာတ်သဘင်

mgyoe.com

mgyoe.com

သဲကန္တာရထဲမှ ဝေဖန်ရေး ရေကြည်တစ်ပေါက်ကို သောက်သုံးအားဖြည့် လိုသူတစ်ဦးမျှသာ ဖြစ်သည် ဆိုပါစို့။

(၃)

ဝေဖန်ရေးနယ်ပယ်ကား ကျယ်ဝန်းလေစွ။ အနန္တ။

ဇာတ်သဘင်လောက တစ်ခုတည်းမှာပင် ကြည့်။

ဇာတ်ပွဲကန်ထရိုက်ဆွဲသူ၏ ဝေဖန်ရေးပေတံကား 'ဝင်ငွေ'

ဇာတ်ကသူ သဘင်သမား၏ ဝေဖန်ရေးပေတံကား 'ပွဲချီ'။

ပြီး... လက်ကမ်းကြော်ငြာ၊ မဂ္ဂဇင်းကြော်ငြာ၊ ရုံဆင်ကြော်ငြာ ကြည့်၍ ဝေဖန်ရေး။

ရုံပြည့်ရုံလျှံပေတံဖြင့် ဝေဖန်ရေးတို့က ရှိနေသေးသည်။ ဤနည်းဖြင့် ဝေဖန်ရေးသည် ပွချင်တိုင်းပွ မှန်တိုင်းထနေတော့သည်။

မှန်တိုင်းထဲတွင် ပန်းများစွာဝေခဲ့ပါသလား။

ပန်းများစွာကြွေခဲ့ပါသလား။

(၄)

အနုပညာနယ်တစ်ခိုတွင် ဇာတ်သဘင်အဝန်းအဝိုင်းသည် စာမတတ်သူဦးရေ အများဆုံးဖြစ်ပါသည်။ ပညာတတ်ဦးရေလည်း အနည်းဆုံး ဖြစ်ပါသည်။ ကလောင်တစ်ချောင်းက ဇာတ်သဘင်သမား၊ ဇာတ်သဘင်တရားကို စေတနာမဲ့စွာ ထိပါးရေးသားလာပြီဆိုလျှင် ချေချေငံငံ ပြန်လည်ပြောဆိုတတ်သူမရှိသလောက်ပင်။ ပြောပါရစေတော့။ ချောင်ပိတ်ရိုက်သည့် ခွေးကမှ ပြန်ဟောင်၊ ပြန်ကိုက်တတ်ဦးမည်။ ဇာတ်သမားတို့ဘက်က ထုချေပြောပြမည့် ကလောင်အားကား 'တို့လူလေးများဆိုသလေ' ဆိုလျှင် 'ခင်ဗျာ' မျှပင် ကြားရမည်မထင်ပါ။

လူ့ဝန်းကျင်ဆိုသည်ကလည်း တစ်မျိုး။

ထမင်းငတ်နေသူကို ထမင်းကျွေးမည့်သူရှားပါးသော်ငြား၊ အရက်ပြတ်နေသူကို အရက်တိုက်မည့်သူ ပေါများလှသည်။ ရပ်ကွက်ထဲတွင် စိတ်မနှံ့၊ ကျပ်မပြည့်သောလူငယ်တစ်ဦးပေါ်လာပြီဆိုပါစို့။ ဝိုင်းမြှောက်၊ ဝိုင်း

mgyoe.com

နှောက်၍ ဟားမည့်သူကများသည်။ စိတ်ငြိမ်အောင် ထိန်းကွပ်မည့်သူ၊ ဆေးပေးမည့်သူက ဝေး၊ ဝေး၊ ဝေး၊ လှသည်။

ဇာတ်သဘင်လောက ပျက်စီးနေပြီပဲဆိုပါစို့။

ကာတွန်းဆရာက သရော်မည်။ ဆောင်းပါးဆရာကလည်း တီးမည်။ ဝတ္ထုကလည်း တွယ်မည်။ ကဗျာဆရာကလည်း ဝင်ထောက်လိုက်ဦးမည်။ ထိုအထဲတွင် ဇာတ်အထာနှင့်ဇာတ်စာကို ချေချေငံငံ၊ ပြေပြေမှန်မှန် ဝေဖန်ဆွေးနွေးမည့်သူက ဘယ်နှဦးပါမည်နည်း။

'ဝေဖန်ရေး' ဟု ဟစ်ကြွေးပြီးကာမှ အထွေထွေသော အခြေအနေကြောင့် ဝေဖန်ရေးလူထွက်ဖြစ်သွားသော ပုဂ္ဂိုလ်ရေးရာဆောင်းပါးဆရာအချို့သာ မိုက်တုတ်မိုက်တုတ်ကြယ်လေးများပမာ မလင်းတစ်လှည့် လင်းတစ်လှည့် ကျန်နေတော့သည်။ ဇာတ်သဘင်ဝေဖန်ရေးကား ရွှေပြည်တော်မျှော်တိုင်းဝေးပြီလား။

အညတရ ဇာတ်သမလေးတစ်ဦးက ဇာတ်ဆောင်းပါးတစ်ခုကို ဖတ်အပြီး ညည်းလိုက်သံကြားမိသည်။

"တစ်ခါလာစတိတ်ရှိုး၊ တစ်ခါလာ ဒစ္စကိုနှစ်ပါးသွား၊ တစ်ခါလာ မိုက်ကယ်ဂျက်ဆင်၊ ဒါတွေပဲ သူတို့ရေးနေကြတာ။ ကျုပ်တို့ကျတော့ အပြစ်တင်ပြီး သူတို့မဂ္ဂဇင်းထဲကျတော့ နိုင်ငံတကာ စတိတ်ရှိုးပုံတွေ၊ ဒစ္စကိုဂီတတွေ၊ မိုက်ကယ်ဂျက်ဆင်မြင်မြင်သမျှတွေ တစ်ပုံကြီး ဖော်ပြထားတာပဲဟာ၊ တစ်နေ့က စတိတ်ရှိုးအဝတ်အစားတောင် ဟိုမဂ္ဂဇင်းထဲကပုံ ကြည့်ချုပ်ထားတာ"

ဩော်... သူတို့က တစ်မျိုး။

(၅)

'အမျိုးသားပညာဝန်ဦးဖိုးကျား'၏ 'မြန်မာ့သဘင်ပြုပြင်ရေး' ဆောင်းပါးကို ဖတ်မိသည်။ အချက်အလက် ၈၂ ချက်ကို နံပါတ်စဉ် ထိုးကာ တိတိကျကျ လမ်းညွှန်သည်။ ပွဲထွက်ချိန်၊ မင်းသားကချိန်၊ ဝန်စကားပြောချိန်ကို မိနစ် နာရီတွက်၍ ပိုင်းကန့်ပြသည်။ သာကွက်၊ ဟာကွက်သာမက 'အပြစ်'များကိုပြပြီး၍ ပြုပြင်ရေးကို ကြံစည်ရပေမည်။

mgyoe.com

mgyoe.com
"ပြုပြင်ရေးတို့တွင်…" ဟူ၍ စေတနာအရင်းခံနှင့် ဝေဖန်တင်ပြသည်။ ဦးဖိုးကျားသာ သက်ရှိထင်ရှားရှိနေဦးမည်ဆိုလျှင်…

'လူထုဒေါ်အမာ' က 'ပြည်သူချစ်သော အနုပညာသည်များ' အကြောင်း ကျမ်းတစ်စောင်ပြုစုခဲ့သည်။ 'ဖိုးစိန်၊ အောင်ဗလ၊ စိန်ကတုံး၊ 'အငြိမ့်'၊ 'ရွှေမန်းတင်မောင်' စသော ဒေါ်အမာ၏ လက်ရာများသည် မြန်မာ့သဘင် ဗိမာန်တွင် အုတ်မြစ်များဖြစ်နေကြလေပြီ။ နှောင်းကာလတွင် အသစ်ဖြစ်သော 'ဒေါ်အဝှာ' တစ်ယောက်ယောက်က တစ်ခေတ်ဖြစ်သော 'ပြည်သူချစ်သောအနုပညာသည်များ' နောက်ဆက်တွဲ ပြုစုမည်ဆိုလျှင်…

မည်သူတွေက

မည်သည့်ဇာတ်လမ်း၊ မည်သည့်အကတွေကို

မည်သို့ တင်ဆက်ခဲ့ကြောင်း မှတ်တမ်းပြုကြပေမည်နည်း။

ဦးဖိုးကျား၏ဆောင်းပါးများတွင်…

ဤဆောင်းပါးရေးစဉ်က မည်သူတို့က မည်သည့်မုန့်များကို ကျွေးလိုက်သည်။ မည်သည့်မင်းသားကို မည်သို့ နှုံးယူခဲ့ရသည်။ မည်သူနှင့် မည်သို့သောဓာတ်ပုံမျိုးတွေ ရိုက်ကြသည်။ မည်သည့်ဟော်တယ်(ဟိုတယ်)တွင် စားကြသည်။… ဆိုသည်မျိုးတွေကို မတွေ့ရချေ။

ဒေါ်အမာ၏ မှတ်တမ်းများတွင်…

ဤမှတ်တမ်းများ ရေးရန် မည်သည့်ဒေသသို့ သွားရကြောင်း မည်သူတို့လည်းပါကြောင်း၊ မည်သို့သောကားနှင့်သွားကြောင်း၊ မည်သူ့အိမ်တွင် တည်းခိုကာ မည်သူတွေနှင့် ရင်းနှီးခဲ့ကြောင်းတို့ကို ပဓာနမထားခဲ့။ မည်သည့်ဇာတ်က မည်သည့်မြို့များတွင် ကပြမည်ဖြစ်ကြောင်း၊ မည်သည့်အရပ်တွင် ရုံပွင့်ခဲ့ကြောင်းတို့ကိုလည်း အဓိကထား တခမ်းတနား ဖော်ပြခြင်းမရှိခဲ့ချေ။

ဦးဖိုးကျားတို့က အစ

သိပ္ပံမောင်ဝ အလယ်

ဒေါ်အမာခေတ်အထိ မည်သည့် 'အကြောင်းအရာ' တို့ကို မည်သည့် 'စေတနာ' တို့ဖြင့် ရေးသားပြုစုခဲ့လေသနည်း။

ဩော်…တံတားအောက်၌ ချောင်းရေများစွာ ဖြတ်စီးသွားခဲ့လေပြီ။ တံတားပေါ်ကမော်ကြည့်မှ မြင်တွေ့ရသော နေမင်းကြီးကမူ ကမ္ဘာဦးစက
mgyoe.com

m g

ဟိုး... အနှစ်တစ်ထောင်က၊ ဟိုး... အနှစ် ၅၀ က နေမင်းကြီးပင်ဖြစ်နေ
သေး၍ တော်ပေသေး၏။

(၆)

စင်စစ်၊ မျက်မှောက်ဇာတ်သဘင်တွင် ထိတွေ့ ပွေ့ပိုက်ထားသော ဝေဖန်ရေးကား နှစ်မျိုးမျှသာ ထင်ရှားလေသည်။ တစ်မျိုးက 'အနီးကပ်ဝေဖန်ရေး'၊ ပန်းစည်းကိုင်မမက ပြောသည်။

"သူသိပ်ပင်ပန်းတာပဲ။ ဒီလောက်အပင်ပန်းမခံပါနဲ့။ အတော်အတန် သူများနဲ့ လွှဲထားလိုက်ပေါ့။ လူပဲ လူလောက်ပဲ လုပ်နိုင်မှာပေါ့။ အော်ပရာလည်းသူ၊ ပြဇာတ်လည်း သူဆိုတော့ မောမှာပေါ့။ မျက်နှာလေးမြင်ရရင် ကျေနပ်ပါပြီ။ ဟောဒီ နိုင်ငံခြားဖြစ် ချွေးသုတ်ပဝါလေးနဲ့ သုတ်လိုက်ပါဦး၊ အေးအေးမွှေးမွှေးလေးရယ်၊ သူသိပ်မောနေသလားဟင်"

အဝတ်လဲခန်း ဝင်ခွင့်ရ ညီမက ဆိုသည်။

"ဒီည သိပ်ကောင်းတာပဲ၊ အရှုးလေးလုပ်တာ သိပ်သနားဖို့ကောင်းတယ်ကွာ။ အဝတ်အစားတွေက အရမ်းပဲ။ ရော့...ဒါ လက်ဆောင်နော်။ နက်ဖြန်ညကျ ဒီအင်္ကျီလေးဝတ်ပြရမယ်။ အဝတ်အစား အစုတ်အပြတ်နဲ့ ဇာတ်လမ်းတွေမ 'က' ပါနဲ့။ ကိုယ့်အလှပျက်ကရော။ ဒါပဲနော် ဖျာနံပါတ်'...' မှာ ပုံသေယူထားတာ၊ လှမ်းကြည့်နော်၊ ပန်းပေးနော်...နော်လို့"

မင်းသားအဒေါ်က ပိုအသံကျယ်သည်။

"ဒီနေရာတော့ ဘယ်သူမှကို လိုက်မမီတော့ဘူး။ ဝေဖန်စရာဆိုလို့ မိတ်ကပ်လေးနည်းနည်းထူတာပဲ ပြောစရာရှိတယ်။ ကျန်တာတော့ ဝေဖန်စရာမလိုအောင်ကို ကောင်းတာ။ ဘေးနားက ကောင်မလေးတွေဆို ထမကရုံတမယ်ပဲ။ တကယ့်နိုင်ငံခြားမင်းသားကျနေတာပဲ။ အေးလေ... ကိုယ်တိုင်ရေး၊ ကိုယ်တိုင် ဒါရိုက်တာလုပ်၊ ကိုယ်တိုင် သရုပ်ဆောင်ဆိုတော့ ဘယ်မကောင်းရှိလိမ့်မလဲ"

နောက်တစ်မျိုးက အဝေးကြည့်ဝေဖန်ရေး။

ဝေးသည်မှ တော်တော်ဝေးဟန်တူပါသည်။

'ညီအစ်ကို မသိတသိ' ဇာတ်လမ်းများထဲမှ 'မမှတ်မိ တမှတ်မိ' ဇာတ်

mgyoe.com

mgyoe.com
ဆောင်များ၏ 'မှုန်မှုန်မှေးမှေး' အမူအရာနှင့် 'ဝေဝေ ဝါးဝါး'စကားလုံးများအကြောင်း 'ခပ်ဖြန့်းဖြန့်း' ဖော်ပြထားသည်။ ဆရာစိန်ခင်မောင်ရီ၏ လေသံနှင့်ဆိုရလျှင်...

"ဇာတ်ကြည့်ပြီးမှ ဝေဖန်ရေးဆောင်းပါးရေးပါခင်ဗျာ" ဟုသာ တောင်းပန်ရတော့မည်။

...ပြဇာတ်သည် ကပြသည့်နေရာတိုင်းတွင် အောင်မြင်မှုရနေသည် ဟူသော လေသံမျိုးဖြင့် ချောက်မတွန်းသင့်ပေ။

ပန်းတစ်ပွင့်ခူးရရုံဖြင့် ကျေနပ်လျှင်...

ရှေ့တွင်ရှိနေသော ပန်းတောကြီးဆီသွားဖို့ မေ့နေတတ်သည်မဟုတ်ပါလား။

တစ်ညကြည့်၊ တစ်ခဏကြည့်မှုဖြင့် မှန်ကန်သည့် 'စံ' မျိုးမရနိုင်သည်ကို အားလုံးသိကြပြီးဖြစ်ပါသည်။ ဇာတ်သမားများအဖို့ အခြားလုပ်သားများလို အလုပ်ခွင်ကို ခွင့်တင်၍မရပါ။ သွေးနှင့်ကိုယ်၊ သားနှင့်ကိုယ်မို့ ဖျားနာသောည၊ အသံနာသောည၊ မတော်တဆ ဒဏ်ရာရသောညတို့ ရှိနေပါသည်။ ထိုညမျိုးတွင် စိတ်သွားတိုင်း ကိုယ်မပါ။ ထိုညမျိုးမှာမှ ပွဲကြည့်မိသူအဖို့ အဖြေမှန်ကို ဝေဖန်ထုတ်ယူ၍ မရနိုင်တော့။ တစ်ခုလုံး မလှမပ၊ မကျမန၊ ကသီလင်တ ဖြစ်တတ်ပါသည်။

မြင်းခွာတစ်ခုပြုတ်သောကြောင့်...

စစ်ပွဲကြီးတစ်ပွဲ ဆုံးရှုံးတတ်သည်မဟုတ်ပါလား။

(၇)

ဇာတ်သမားတို့အဖို့ တစ်လတစ်ကြိမ်ထုတ် ဘုတ်အုပ်ကလေးထဲတွင် ဘလောက်တုံးဝါးဝါးလေးနှင့် မိမိဓာတ်ပုံမြင်ရလျှင်ပင် အတိုင်းမသိ ပီတိဖြစ်ကြရသည်။ ဖျက်မရသော ဖျောက်မရသော သမိုင်းတွင် မိမိအမည်ကို ကမ္ပည်းထိုးမည်ဆိုလျှင်ကား 'ရုံပွင့်' အောင်သာမက 'ရင်ပွင့်'အောင်ပင် ကြိုးစားကြပါလိမ့်မည်။

သို့သော်... သူတို့မှာ လမ်းမသိကြပါ၊ လမ်းမရှိကြပါ။

လမ်းမရှင်းတတ်ပါ၊ လမ်းမခင်းတတ်ပါ။
mgyoe.com

မျက်စိလည်လွယ်သော ခေတ်ပေါ်အနုပညာမှော်ရုံတောတွင် လမ်းပြများကို မျှော်နေကြပါသည်။ ရုပ်ပွင့်မှုများ၊ လက်ခုပ်သံများကို 'လမ်းမှန်' ဟု ထင်ရင်း ချောက်တွင်း ကျဆင်းကုန်ကြသည်လည်းရှိပြီ။ လှုပ်လေ မြုပ်လေမို့ မလှုပ်ရဲသူများလည်း ရှိပြီ။ လမ်းမှန်ကို ပြနိုင်သူ 'ဝေဖန်ရေးသူရဲကောင်းများ' ကို တောင့်တနေပါပြီ။

အဆိုးရှုဝေဖန်ရေး
အကျိုးပြုဝေဖန်ရေး
မြှောက်လွန်းသော ဝေဖန်ရေး
ချောက်တွန်းသော ဝေဖန်ရေး
စေတနာ ဝေဖန်ရေး
အဖြေမပါဝေဖန်ရေး
အနီးအဝေး ဝေဖန်ရေးနှစ်ခုကြားတွင်
ဇာတ်မင်းသားလေးတို့ခမျာ
ပင်ပေါင်ဘောလုံးလေးများပမာ။ ။

ရုပ်ရှင်အောင်လံ မဂ္ဂဇင်း၊ အမှတ် ၃၅၂ ၊၁၉၈၅–ဒီဇင်ဘာလ။

❑

mgyoe.com

mgyoe.com

# လူထဲကဇာတ်၊ ဇာတ်ထဲကလူ

(၁)

ပြဇာတ်စင်တင်ခြင်းဟူသည်မှာ ပြဇာတ်ဆရာနှင့် ပွဲကြည့်ပရိသတ်တို့ သူနိုင်ကိုယ်နိုင် လွန်ဆွဲခြင်းဖြစ်၏။ ဤနှစ်ဖက်တွင် အားကြီးသောသူက အနိုင်ရပေလိမ့်မည်။ အားကြီးသောသူသည် အားနည်းသောသူကို သင်ခန်းစာပေးလိမ့်မည်။ ကိုယ်က သင်ခန်းစာပေးတတ်လျှင် သင်ခန်းစာယူတတ်သူလည်း ဖြစ်ရလိမ့်မည်။

*(ALEXI ARBUZOV) အလက်ဆီ အာဘူဇော့(ရုရှား)*

(၂)

ပန်းချီဆရာသည် တွေးသည်။ ပြီးမှရေးသည်။

သူတွေးခဲ့သလောက် သူ့စုတ်ချက်က ရာနှုန်းမည်မျှ အကောင်အထည် ဖော်နိုင်ပါသနည်း။

ကိုယ့်စိတ်ကိုယ့်ကိုယ်နှင့်တစ်ဦးတည်း စိတ်ကြိုက်ဖန်ဆင်းခွင့်ရသော အနုပညာရပ်များ၌ပင် အတွေးကို အကောင်အထည်က မမီတတ်။ စုပေါင်းလုပ်ရှားရသော 'သဘင်' တွင်ကား စာရေးသူ၏ အတွေးနှင့် ဇာတ်ခုံပေါ်မှ အမြင်တို့သည် အဝေးကြီးဝေးလေပြီ။

mgyoe.com

mgyoe.com


ဇာတ်လမ်းဖန်တီးသူတို့၏ အတွေးကို
သရုပ်ဆောင်က မလိုက်နိုင်။
ဆက်တင်သမားက မပြည့်စုံ။
မီးသမားက နားမလည်။
ဂီတဆရာက မဝင်စား။
အသံဆရာက သတိမမူနှင့်။

သူ့နည်းသူ့ဟန်နှင့် ဖျက်ဆီးပစ်လိုက်ကြသည်။ ဇာတ်လမ်းဖန်တီးသူခမျာ ကိုယ့်ဇာတ်ကိုပင် ကိုယ်ပြန်မမှတ်မိတော့သည့်အခြေသို့ ဆိုက်သွားတတ်သည်။ ဟိုမျက်နှာထောက်ရ၊ သည်မျက်နှာ ထောက်ရနှင့် မပြောရဲ၊ မပြောရက်၊ ရှိပလေစေတော့။

သည်လိုနှင့် ဇာတ်လမ်းဖန်တီးသူများသည် ဇာတ်ကောင်အကြိုက်၊ ကန်ထရိုက်အကြိုက်၊ မင်းသား(ဇာတ်ဆရာ)အကြိုက်၊ မလိုက်ရဘဲ ကိုယ့်မြင်းကိုယ်စိုင်းနိုင်အောင် ကိုယ်ပိုင်ဇာတ်များထောင်လာကြသည်။ ကိုယ့်ခြေ၊ ကိုယ့်လက်၊ ကိုယ့်အတွက်။

ကိုအောင်သိုက်နှင့်အောင်ပွဲသဘင်။
မောင်ယဉ်အောင်နှင့် မြို့တော်အင်အားသစ်။
သူတို့ကော စိတ်သွားတိုင်း ကိုယ်ပါကြပြီလား။

ကျွန်တော်တို့ သဘင်သမားများသည် ရုန်းကန်ကြိုးစားနေရသူများသာဖြစ်ပါသည်။ ပြည်သူက ကျွန်တော်တို့ကို ကြည့်နေချိန်တွင် ပြည်သူကိုလည်း ကျွန်တော်တို့က ပြန်ကြည့်နေရပါသည်။ ကျွန်တော်တို့မှာ ပြည်သူပရိသတ်ကလွဲ၍ ဘာမျှမရှိ။

ခေတ်မီတိုးတက်သော အနုပညာကျောင်းမရှိပါ။

သည်ကြားထဲ နိုင်ငံကျော်အနုပညာရှင်များ မတော်တဆ မွေးဖွားလာပါသေးသည်။

ဇာတ်သဘင်ပစ္စည်းအရောင်းဆိုင်မရှိပါ။

သို့သော် ပရိသတ်အံ့သြလောက်အောင် တီထွင်မှုများပြုနိုင်ကြပါသေးသည်။

သဘင်အကယ်ဒမီဆုချီးမြှင့်ခြင်းမရှိပါ။

mgyoe.com

mgyoe.com


သို့သော် တိုင်းပြုပြည်ပြု ဇာတ်လမ်းများကို ယနေ့အထိ တင်ဆက်ကြဆဲဖြစ်ပါသည်။

ကျွန်တော်တို့မှာ ပရိသတ်ကလွဲ၍ ဘာမျှမရှိပါ။

(၃)

အမျိုးသားဇာတ်သဘင်သည် သူ့နည်းသူ့ဟန်နှင့် လွန့်လူးလျှောက်လှမ်းခဲ့ရပါသည်။ မည်သူက ဂရုစိုက်သည်ဖြစ်စေ၊ မဖြစ်စေ သူ့ပရိသတ်ပြည်သူနှင့်အတူ လိမ့်လဲလှုပ်ရှားလာခဲ့ပါသည်။

ဂရိတ်ဦးဖိုးစိန်ကြီးသည် အော်ပရာ၊ ပြဇာတ်မကခဲ့ပါ။

ရွှေမန်းဦးတင်မောင်က အော်ပရာကို ထွင်ခဲ့၊ ကခဲ့သည်။

ခေတ်ပေါ်ပြဇာတ်များကား မြို့တော်ကြီးလက်ထက်မှာ ထွန်းကားခဲ့သည်။

ဇာတ်သဘင်သည် မရေရာသော ပုံစံမျိုးဖြင့် ပြည်ရိုးလျှောက်ခဲ့သည်။

ယနေ့တည်ရှိလှုပ်ရှားနေဆဲ 'အော်ပရာ၊ ပြဇာတ်၊ နှစ်ပါးသွား၊ နောက်ပိုင်း' စသည်တို့ကပင် စင်စစ် 'အစဉ်အလာပုံစံ' မဟုတ်ပါ။

သူ့အသိနှင့်သူ ကြီးပြင်းခဲ့သော ဇာတ်သဘင်သည် သူ့ပရိသတ်ကတောင်းဆိုသောပုံစံဖြင့်သာ အသက်ဆက်ခဲ့ရရှာသည်။ OPERA ဟူသောနိုင်ငံရပ်ခြားစကားကို 'အော်ပရာ' ဟုခေါ်ဝေါ်ကာ ပညတ်ထားသော်လည်း နိုင်ငံတကာတွင် သတ်မှတ်ထားသော အော်ပရာစည်းကမ်းများနှင့် မညီညွတ်။ ပြဇာတ်ဆိုသည်ကလည်း 'PLAY' 'DRAMA' ဘာတွေမှန်းမသိ။

သိဖို့လည်းအရေးမကြီးဟု ယူဆကြဟန်ရှိသည်။

အပြစ်အနာအဆာများစွာနှင့် အရွယ်ရောက်လာသော ဇာတ်သဘင်ဖြစ်ပါသည်။ ကျွန်တော်တို့မှာ ကျွန်တော်တို့ဟန်ဆိုသည်ကကော... ခေတ်ပေါ်တူရိယာပစ္စည်းအစုံပလုံနှင့် 'စတိတ်ရှိုး' ဟု ကင်ပွန်းတပ်ကာ ဒိုးဒိုးဒန့်ဒန့်ကနေသည်။ ဟာသရွှင်ဆေးဟုဆိုကာ တဈေသရဲကြီးက လူကို လိုက်ဆွဲနေသည်။ သေတ္တာသုံးလုံးဆင့်၍ ကျွမ်းသုံးပတ်ထိုးပြသည်။ အဏုမြူမီးရောင်များကြားတွင် သေနတ်သံများ ညံနေသည်။

ဤအရာတို့ကား 'အနုပညာ'ဟု ဆိုနိုင်ပါသလား။

mgyoe.com

mgyoe.com


ဤအရာတို့ကား 'အမျိုးသားဇာတ်သဘင်' ဟု ဆိုနိုင်ပါသလား။

ဤအရာတို့ကား အနုပညာဟု မဆိုနိုင်ပါ။ မဆိုပါ။ သို့သော် ဤအရာများ ဖန်ဆင်းကပြနေသူတို့၏ ရင်ထဲတွင် အနုပညာစစ်စစ်ကို တင်ပြလိုသော စေတနာမလွဲမသွေ ရှိနေသည်ကိုတော့ မည်သူမျှ မငြင်းနိုင်ပါ။

ဤအရာတို့ကား အမျိုးသားဇာတ်သဘင်ဟု မခေါ်နိုင်ပါ။ မခေါ်ပါ။

သို့သော် ဤအရာများ ဖန်ဆင်းကပြနေသူတို့သည် အမျိုးသားဇာတ်သဘင် အသက်ရှင်ရပ်တည်ရေး(သို့မဟုတ်) ခိုင်မာတည်ရှိရေးကို ရှိသမျှ၊ သိသမျှ၊ တတ်သမျှ၊ မှတ်သမျှနှင့် ကြိုးစားနေသူများသာဖြစ်ပါသည်။ ရရာလက်နက်နှင့် တိုက်ပွဲဝင်နေသူများသာဖြစ်ပါသည်။

(၄)

ရိုးသားစွာ ဝန်ခံရလျှင်....

ကျွန်တော်တို့သည် ပရိသတ်နောက် လိုက်နေသူများ ဖြစ်တော့သည်။ အဘယ်ကြောင့်ဟူမူ ကျွန်တော်တို့မှာ ပရိသတ်ထက်မြင့်သော 'ကျောင်း'မရှိ။ ပရိသတ်ထက်မြင့်သော 'ဝေဖန်ရေး' မရှိ။ ပရိသတ်ထက်မြင့်သော 'ဆု'မရှိ။ ထရံကာလျက် မြေကြီးပေါ် ဖျာစုတ်ခင်းပေးသည်ကို ပင် ပိုက်ဆံပေးလျက် ဩဘာလက်ခုပ်တီးလိုက်သေးသည်။

ဤမျှ စေတနာကြီးမားလှသော ပရိသတ်ကျေးဇူးရှင်များကို ကျွန်တော်တို့ ကလန်ကဆန်မလုပ်ဝံ့ပါ။

(၅)

ကျွန်တော်တို့ကား လမ်းပျောက်နေသူများမဟုတ်ပါ။ လမ်းရှာနေသူများသာ ဖြစ်ပါသည်။

လမ်းသွားရင်း လမ်းမှားတတ်သည်ကို ဝန်ခံပါသည်။ ပရိသတ်သည် ကျွန်တော်တို့ 'အမှား' များကို သဘောကျစွာ မြိန်မြိန်ရှက်ရှက်ကြီး ခွင့်လွှတ်နေကြပါသည်။ ကျွန်တော်တို့ ပျက်ဆီးနေခြင်းကို အရသာခံနေကြပုံရသည်။ ကျွန်တော်တို့ကား ဇာတ်ခုံပေါ်က ကနေသည်။

ပရိသတ်ကမူ မြေကြီးပေါ်က ကြည့်နေသည်။

mgyoe.com

mgyoe.com


စင်စစ်...
မော့ကြည့်နေသော ပရိသတ်အောက်တွင်
ကျွန်တော်တို့ရောက်နေကြသည်တကား...

ရုပ်ရှင်အောင်လံ မဂ္ဂဇင်း၊ အမှတ် ၃၅၂၊ ၁၉၈၄ ဇန်နဝါရီလ

❑

mgyoe.com

mgyoe.com

## ကိုစိုးမြင့်အောင်ရေ…
## ပြောတော့မယ် နားထောင်

"ဆိုရေးရှိက၊ ဆိုအပ်လှ၏
ဆိုစများလျား၊ ထားပချေမိ
ငါ့ဝန်ရှိ…" ဆိုတဲ့ ရှေးသူဟောင်းတို့တရား
"ပြောမှား ဆိုးမှား ခွင့်လွှတ်ပါ
ပြောမှန် ဆိုမှန် လက်ခံပါ။"

ဆိုတဲ့ ခေတ်လူသစ်တို့ စကားကို အကာအကွယ်ယူပြီး၊ ပြောချင်တာတွေ ပြောလိုက်တယ်ဗျာ။

မကြာမတင်တုန်းက ခင်ဗျား ဆောင်းပါးတွေမှာ ညည်းညူသံတွေ ပါလာတာ သတိထားခဲ့မိတယ်။ ပြီးခဲ့တဲ့ရှုလိုင်လမှာတော့…

"မကြာမတင်မှာပဲ တရားရုံးမှာ ဇာတ်အဖွဲ့အစည်းနဲ့ ဆောင်းပါးရှင်များ တရားရင်ဆိုင်ရမယ့်ကိန်းကြုံနေပါပြီ မကျည်းတန်" လို့တောင် ခင်ဗျား အတွေးခေါင်နေပြီ။ ၈၄၊ ဒီဇင်ဘာတုန်းကတော့ ခင်ဗျားညဉ်ကို ခင်ဗျား ဖွင့်ချပြခဲ့သေးတယ်"

"ဇာတ်တော်တော်များများကို မောင်ကြီး ဝေဖန်ပါခဲ့တယ်။ ရင်းရင်းနှီးနှီးရှိလေ ပိုပြီးကောင်းစေချင်တဲ့ စေတနာနဲ့ ရှုမြင်သုံးသပ်ချက်တွေကို

mgyoe.com

mgyoe.com


ပြောပြခဲ့ပါတယ်။ ဝေဖန်ပြီးလို့ အဲ့ဒီဇာတ်ကိုသွားရင်လည်း ခနဲ့တဲ့လေသံတွေ၊ ရှုံ့မှုန်းတဲ့အနေအထားတွေနဲ့ ဆက်ဆံလာတာကိုလည်း ခဏခဏ ကြုံဆုံခဲ့ရပေါင်းများပါပြီ မကျည်းတန်" တဲ့။ ပြီးတော့...

"မောင်ကြီးကို အရှက်မရှိဘူးဆိုဆို၊ ဘာပဲဆိုဆို အရှက်မရှိတဲ့မျက်နှာနဲ့ ဇာတ်တွေကိုသွားတယ်၊ ခေါ်ချင်ချင်မခေါ်ချင်ချင်၊ စကားပြောချင်မှန်းမသိ၊ မပြောချင်မှန်းမသိဘဲနဲ့ မင်းသားတွေဆီကို သွားတယ်" ဝန်ခံထားသေးတယ်။

တကယ်တော့ အဲ့ဒါ ခင်ဗျားစရိုက်ပဲ။ ခင်ဗျားစရိုက်ဆိုတာထက် ဝေဖန်ရေးသမားတို့ရဲ့စရိုက်ဆိုရင် ပိုမှန်မယ်ထင်တယ်။ ဝေဖန်ရေးသမားဆိုတာ ဘယ်သူက ဘယ်လိုတုံ့ပြန်တုံ့ပြန် ကိုယ်မှန်တယ်ဆိုတဲ့ မူကို ဆုပ်ပြီး ကိုယ်လုပ်စရာရှိတာကို ဆက်လုပ်တတ်တာမျိုး မဟုတ်လား။ ကိုယ်က စေတနာသန့်သန့်နဲ့ ဝေဖန်လိုက်တာကို တစ်ဖက်က 'ငူတူတူ ငေါင်တောင်တောင်'၊'စူတူတူ စောင်တောင်တောင်' လုပ်တာလေးတွေကိုမှ မျက်နှာပူတတ်၊ လှုပ်ခတ်တတ်ရင် အစကတည်းက ဝေဖန်ရေးသမား ဘယ်လာလုပ်မလဲ။ မဟုတ်ဘူးလား။

ဝေဖန်ရေးနယ်ပယ်တိုင်းမှာ တိုက်ပွဲရှိတယ်။ ခင်ဗျားတို့ခေတ်မဟုတ်ဘူး။ သိပ္ပံမောင်ဝနဲ့ ရသေ့ဦးစိန္တာတို့ခေတ်ကနေ ဆရာအောင်သင်းနဲ့ ဆရာမောင်စွမ်းရည်တို့ခေတ်အထိ၊ အထိအခိုက် အငြိအတိုက်ရှိနေတာပဲ။ ဘာမှမဆန်းပါဘူး။ တုန်လှုပ်စရာမရှိပါဘူး။ ကိုယ့်အမျိုးသားစာပေ၊ ပြည်သူ့အနုပညာအတွက် စေတနာနဲ့ စကားပြောကြတာ စကားများကြတာပဲ၊ မှားလဲ ဘာဖြစ်တုန်း။ အမွေလုရင်း တရားတဘောင်ဖြစ်တာမှ မဟုတ်ဘဲ။ ရှက်စရာ မဟုတ်ဘူးလို့ ထင်ပါတယ်။

ဩဂုတ်လထုတ် 'ပွဲကြိုက်သူ' ထဲမှာပါတဲ့ ခင်ဗျားရဲ့ 'ဇာတ်သဘင်သည်တွေအကြောင်းပြောပြချင်တယ် ပေါက်ပေါက်ရယ်' ဆောင်းပါးကို ဖတ်လိုက်ရတယ်။

အဲ့ဒီဆောင်းပါးထဲမှာ ဘထွေးပေါ်(ဦးစံပေါ်)ကြီးက ခင်ဗျားတို့ တကူးတက အားထုတ်ထားတဲ့ ဆောင်းပါးပါတဲ့ 'ပြည်သူ့ဖလင်' စာစောင်ကို ဖင်ခုထိုင်တဲ့အကြောင်းလေး ရေးထားတာ ဖတ်လိုက်ရတယ်။ ရင်ထဲမှာ

mgyoe.com

mgyoe.com


မကောင်းဘူးဗျာ။ တကယ်တော့ မြို့တော်အဖွဲ့ကြီးအကြောင်း ခင်ဗျားတို့ အကောင်းရေးခဲ့တာ၊ တစ်ဖက်က ကိုယ့်စေတနာကို အသိအမှတ်မပြုတာ တော့ ဝမ်းနည်းရုံကလွဲပြီး ဘာတတ်နိုင်မှာလဲ။ ကဲ...

ဒါပေမဲ့ ခင်ဗျား အမှတ်အတေားထားတတ်သလား။

ဝေးပါသေးရဲ့။ မြို့တော်ကြီး တစ်နှစ်တာနားအပြီး ၁၉၈၁/၈၂ မှာ ပြန်လည်ဆန်းသစ်လာခဲ့တယ်။ ရိုးရိုးရှင်းရှင်းပြောရရင် အဲ့ဒီနှစ်မှာ မြို့ တော်ကြီး အရှိန်ပြန်ယူရတာမို့ အောင်မြင်မှုသိပ်မရခဲ့ပါဘူး။ ဒီအချိန်မှာ ခင်ဗျား ဘာလုပ်သလဲ။ ၁၉၈၂ ဧပြီလမှာ ခင်ဗျား မဂ္ဂဇင်းစာမျက်နှာ ၆၀ ကနေ ၆၆ ထိ အော့ဖ်ဆက်ဓာတ်ပုံဒီဇိုင်းအပြည့်နဲ့ ၇ မျက်နှာကြီးတောင် ဖော်ပြပေးခဲ့တယ်။

ခင်ဗျား အမှတ်အတေား မထားတတ်ဘူးဆိုတာ ယုံတယ်ဗျာ။

တွက်ကြည့်ရအောင်။

မြို့တော်ကြီးအတွက် ခင်ဗျား ဒီလိုဖော်ပြနိုင်ဖို့ ဘယ်လောက်များ ကုန်ကျခဲ့မလဲ။ ခင်ဗျားဖော်ပြထားတဲ့ ဓာတ်ပုံအရေအတွက်နဲ့ အရည်အချင်း ကိုကြည့်ရင် ဓာတ်ပုံဖိုးချည်း အနည်းဆုံး ၅၀၀ ကျပ်အောက် မလျော့ဘူး။ ပြီး ဒီဇိုင်းဖိုး၊ တစ်မျက်နှာ ၂၅ ကျပ်နှုန်းနဲ့တွက်တောင် ၂၀၀ ကျပ်ဝန်းကျင် ကျမယ်။ သွားစရိတ် လာစရိတ် မထည့်နဲ့ဦး၊ ဖလင်ရိုက်ခ၊ အော့ဖ်ဆက် ရိုက်ခနဲ့တွက်ရင် ဒီကဏ္ဍလေးတစ်ခုအတွက် ၁၀၀၀ ကျပ်ဝန်းကျင်ကုန်မှာ ပေါ့။ ကဲ ဘာမျှော်လင့်ချက်နဲ့ ခင်ဗျားက ဒီလောက်အကုန်ခံရတာတုန်း။

ခင်ဗျားမဂ္ဂဇင်း ရောင်းကောင်းရေးအတွက်လား။

မဟုတ်ဘူးဆိုတာ သိတယ်ဗျာ။ မြို့တော်ကြီးကို ပရိသတ်က စိတ်ဝင် စားမှုလျော့နေတဲ့အချိန်လေ။ ဒီတော့ ခင်ဗျားဟာ လုပ်သင့်လုပ်ထိုက်တယ် ထင်တဲ့ အနုပညာတာဝန်တစ်ရပ်ကို ထမ်းဆောင်လိုက်တာလို့မြင်ပါတယ်။ ဒီကဏ္ဍအစား ကြော်ငြာ ၇ မျက်နှာသာထည့်လိုက်ရင် တစ်မျက်နှာ ၃၀၀ ကျပ်နဲ့ထားတွက်၊ ခင်ဗျားအိတ်ထဲ ၂၁၀၀ ကျပ်ဝင်လာမှာ။

ခင်ဗျားစေတနာကိုလေးစားပါတယ်။

ခင်ဗျားသိက္ခာကို ယုံကြည်ပါတယ်။

ဒါပေမဲ့ ခင်ဗျားက အမှတ်အတေားမရှိတာမှ တော်တော်မရှိတာဘဲဗျ။

mgyoe.com

mgyoe.com


ဘာလို့လဲဆိုတော့ ခင်ဗျားက ပြောပြီးသားစကားတွေကို ခဏခဏထပ်ပြော တတ်တယ်။ ရှင်းပြပြီးသားကိစ္စတွေကို ခဏခဏ ပြန်ရှင်းတတ်တာပဲကိုး။ ၁၉၈၁ မတ်လတုန်းက "မောင်ကြီးဇာတ်ကွက်အပေါ် ဝေဖန်ရေး လုပ်နေတယ်။ ဘယ်သူက ကျေနပ်ကျေနပ်၊ မကျေနပ် မကျေနပ် မောင်ကြီးကတော့ ဝေဖန်ရေးဆိုတာကို လုပ်နေမှာပဲ။ မောင်ကြီးက ကောင်းစေချင်တဲ့စေတနာ၊ ဖြစ်ထွန်းစေချင်တဲ့ ဆန္ဒနဲ့ ပြောတာဆိုတာကို"

အဲ့ဒီလိုပြောခဲ့တဲ့ ခင်ဗျားဟာ

၁၉၈၅ ခု ဇူလိုင်လကျတော့လည်း

"စိတ်ထဲမတွေ့ရင် မတွေ့သလို၊ ဘဝင်မကျရင်မကျသလို ပြောတတ်တဲ့ အလေ့အကျင့်ဗီဇ မောင်ကြီးမှာ ရှိနေတော့ ခက်တာပေါ့၊ မောင်ကြီးက ဖြစ်စေချင်တဲ့ စေတနာနဲ့ ဝေဖန်တာကို" လို့ ထပ်ပြောနေတုန်းပဲ။

အဲ့ဒီအပ်ကြောင်းထပ်ကြီးတွေကိုတော့ ဘဝင်မတွေ့လှဘူးဗျာ။

ဒါပေမဲ့ ခင်ဗျားဟာ ဇာတ်ထဲက လူရွှင်တော်ကြီးတွေလိုပဲ။ ပြက်လုံးဟောင်းကြီးပေမယ့် ရယ်ရအောင်ပြောတတ်တယ်။ ခင်ဗျားပြောပြီးသားအကြောင်းအရာကိုပဲ လူစိတ်ဝင်စားအောင် ရေးတတ်တယ်။ ခင်ဗျားမို့ မရေးနဲ့၊ ခင်ဗျားကို မုန်းတဲ့လူကအစ မဖတ်ဘဲ မနေနိုင်ဘူးသိလား။

ဒါတင်မကဘူး။ ခင်ဗျား အမှတ်အတေးမထားတာ နောက်တစ်ခုရှိသေးတယ်။

ပုံစံအားဖြင့်ဗျာ၊ နောက်မှပြောမယ်ဆိုပြီး မပြောတာမျိုး။ ၈၁၊ ဇန်နဝါရီတုန်းကပေါ့။

"အဲ့ဒီညကတော့ ရဲစိန်ရဲ့ ပြဇာတ်ကို သေသေချာချာ ဂရုစိုက်ကြည့်ခဲ့ရတယ်။ ဘာမှတော့ ဒီပြဇာတ်နဲ့ပတ်သက်ပြီး မောင်ကြီး ဝေဖန်မပြနိုင်သေးဘူး။ တစ်ညပဲ ကြည့်ရသေးတာမဟုတ်လား။ နောက်ကျမှ ဝေဖန်ပေးပါ့မယ်လို့ ခင်ဗျားပြောလိုက်တယ်"

ဒါပေမဲ့ ၁၉၈၅ သာရောက်လာရော။ ဘယ်လမှာမှ ခင်ဗျား ဝေဖန်မပြဘူးလေ။ အဲ့သလို အမှတ်မထားတာမျိုးကျ မကြိုက်ဘူး။ အကြောင်းကြောင်းကြောင့် အကြောင်းပြရင်လည်း ထားလိုက်ပါတော့လေ။ ခင်ဗျားရဲ့ 'အပ်ကြောင်းထပ်မှု'၊ 'အမှတ်မထားမှု' တွေဟာ တခြားလူတွေကိုတော့မသိဘူး။

mgyoe.com

ခင်ဗျားရဲ့စေတနာကို ထိခိုက်စေတာ အမှန်ပဲ။ တချို့က ခင်ဗျားကို သိန်းဇော် ရဲ့လက်ကိုင်တုတ်၊ သိန်းဇော်ရဲ့ဆရာလို့ နာမည်ဖျက်ကြောင်း ခင်ဗျားပြောလို့ သိရတယ်။ အဲ့ဒါကို ခင်ဗျားက မဟုတ်ကြောင်း အကြိမ်ကြိမ်ရှင်းပြတယ်။ ရှင်းပြရင်းနဲ့ ခင်ဗျားက သိန်းဇော်အကြောင်းတွေ ပြောမိပြန်ရော။ စကားဆို တာ စပ်မိစပ်ရာမဟုတ်လား။ ဒီတော့ ဂျာအေးသူ့အမေရိုက်ကုန်တာပေါ့။ ဆရာတစ်ယောက်က သူ့တပည့်တွေကို မင်းတို့အထဲမှာ စကားမပြောဘူးတဲ့ လူပါသလားလို့မေးတော့ ကျောင်းသားတစ်ယောက်က ပါပါတယ် လို့ပြော လိုက်တာကိုက စကားပြောပြီးသားဖြစ်နေတာကိုး။ ထားပါတော့။

ခင်ဗျား ဘာလို့ဝေဖန်ရေး လုပ်နေတာလဲ။

ခင်ဗျားကို ဘယ်သူက ခိုင်းလို့လဲ။

ခင်ဗျားပြောဖူးတယ်။ ၁၉၈၀ ဇူလိုင်လတုန်းကလေ...

"မောင်ကြီးတို့ ဝေဖန်ရေးတွေ မပြတ်လုပ်နေတယ်။ ရဲရဲဝံ့ဝံ့ပဲ ဝေဖန်ပါ တယ်။ တိတိကျကျပဲ ဝေဖန်ပါတယ်။ လူကိုကြည့်ပြီး ဝေဖန်တာမဟုတ်ပါ ဘူး၊ ပုဂ္ဂိုလ်စွဲမရှိပါဘူး"

ဒီလိုကြွေးကြော်ခဲ့တာ အကြောင်းမဲ့တော့ မဟုတ်နိုင်ဘူး။ ခင်ဗျားရင် ထဲမှာ ဝေဖန်ရေးလှုံ့ဆော်စေတဲ့ အကြောင်းအရင်း ရှိရလိမ့်ဦးမယ်။ ရှိပါ တယ်။ ခင်ဗျားလေသံနဲ့ပဲ ပြန်ဖြေရအောင်။

၁၉၈၁၊ မတ်လတုန်းက ခင်ဗျားပြောခဲ့သလိုပဲ...

"ဇာတ်ဆရာရဲ့ မျက်နှာကို ကြည့်မလား၊ မင်းသားရဲ့ မျက်နှာကို ကြည့်မလား၊ ပြည်သူရဲ့ မျက်နှာကို ကြည့်မလားလို့ မောင်ကြီးကို မေးရင် ပြည်သူရဲ့မျက်နှာတစ်မျက်နှာအတွက် အဲ့ဒီလူတွေရဲ့ မျက်နှာကို အမှန် အတိုင်းရေးပြရမှာပဲ"

ထောက်ခံပါတယ် ကိုစိုးမြင့်အောင်၊ ဩဘာပေးပါတယ်။ ရှင်းသွား ပါပြီ။ ခင်ဗျားဟာ ပြည်သူအတွက် ဝေဖန်ရေးလုပ်နေတယ်လို့ "ယူသော်ရ ကောင်း၏" ပေါ့ဗျာ။

ကျွန်တော်တို့ပြည်သူတွေဟာ ဆင်းရဲကြပါတယ်။ အထူးသဖြင့် ပွဲကြိုက်တဲ့ ပြည်သူတွေဟာ တစ်နှစ်လုံး ကုန်းရုန်းလုပ်ပြီး တစ်ပွဲလောက် ကြည့်ရရင် 'အာဂမျက်စိ လူဖြစ်ရကျိုးနပ်လေ၏' လို့ မှတ်ပိုက်နေသူတွေပါ။

mgyoe.com

mgyoe.com

ခုနေများ ပွဲတစ်ခါကြည့်မယ်ဆိုရင် အောက်တန်းစာရေးတစ်လဝင်ငွေနဲ့တောင် မလောက်နိုင်ပါဘူး။ ဖျာတစ်ချပ်က လေးဆယ်ကာလပေါ် ဆန်ဈေးနဲ့မှန်းကြည့်ရင် ပွဲတစ်ခါဖျာတစ်ချပ်ရဖို့အရေး ဆန်ခြောက်ပြည် အငတ်ခံရပါမယ်။ လူကြီးလေးကျပ် ကလေးနှစ်ကျပ် ရုံဝင်ခပေးရပါမယ်။ လူကြီးတစ်ယောက်နဲ့ ကလေးတစ်ယောက် ရုံထဲရောက်ဖို့ ဆန်တစ်ပြည်လမ်းခင်းပေးရပါတယ်။ ကဲ... ဒါဆို ဒီပြည်သူတွေအတွက် ခင်ဗျားက ဇာတ်သမားတွေကို

ဘာတွေပြောပေးမှာလဲ။

ဘာတွေပြောပေးခဲ့သလဲ။

ဘာတွေပြောနေသလဲ။

ကားထည်လဲစီးပြီး မင်းသားကို ရာတန်ဆုချတဲ့ လူတွေရှိသလို တစ်သက်မှာတစ်ခါ ရတနာပုံဆိုက်ပြီး ပွဲကြည့်ဖို့ စုဆောင်းထုခွဲအားခဲလာရသူတွေရှိပါတယ်။ ဒီလူတွေအားလုံးအတွက် ခင်ဗျား ပြောရတော့မယ်။ ရယ်စရာတော့ ကောင်းသဗျ။

"သခင်ကိုယ်တော်မှိုင်းဆိုတာ ဘယ်ဇာတ်ထဲကလဲ" လို့ မေးတဲ့ တက္ကသိုလ်ပျိုဖြူတစ်ဦး။

"ဒဂုန်တာရာဆိုတာ ဗေဒင်လက္ခဏာဆရာလား" လို့ မေးတဲ့ ဇာတ်သမားတစ်ယောက်။

သူတို့တစ်တွေ ပေါ်ပေါက်နေတဲ့ခေတ်ထဲမှာမှ ခင်ဗျားက ဝေဖန်ရေးဆရာလာဖြစ်တာကိုး။ ပြီးတော့ ခင်ဗျားဝေဖန်ရမှာက ဇာတ်သဘင်။ 'ဖျာလေဝသ'အခြေအနေကြည့်ပြီး 'မသိုးသက်န်း ပြဇာတ်'တွေနဲ့ ရုံပွင့်စိန်၊ ရုံလျှံစိန်၊ ရုံကွဲစိန်ဖြစ်အောင် ကြိုးစားရတဲ့ လောကကြီးဆိုတော့ ခင်ဗျားခေါင်းမာရုံသာမကဘူး။ ခြေကော၊ လက်ကော၊ နားကော၊ ဗိုက်ကော။ အိုဗျာ..အသည်းနှလုံးရော 'မာ'မှ တော်ကာကျပေလိမ့်မယ်။

ဇာတ်သမားကလည်း စာဖတ်တယ်ဗျ။

ခင်ဗျား အဲ့ထင်သွားမသေးနဲ့နော်။

မြန်မာ့ယဉ်ကျေးမှုအဖွဲ့ဟာ ပရိသတ် ၁၅၀၀ ဆန့်တဲ့ လန်ဒန်က အက်ဒလာဝဲလ်ဇာတ်ရုံကြီးမှာ ရုံပြည့်အားပေးခံခဲ့ရတယ်ဆိုတာ ဒီတုန်းက

mgyoe.com

m g y o e . c o m


စတိတ်ရှိုး၊ ပြဇာတ်၂ထုပ် တီးဝိုင်းဆိုတာတွေ မပါဘူးဆိုတာတွေ။ ၁၉၅၀ လောက်က စင်တင်ခဲ့တဲ့ အင်္ဂလိပ်စာရေးဆရာမကြီး အာဂါသာခရစ္စတီ (Agatha Christie)ရဲ့ ကြွက်ထောင်ချောက် (The Mouse Trap) ပြဇာတ်ဟာ ဒီကနေ့အထိ ကပြရဆဲဖြစ်ပြီး နိုင်ငံလေးဆယ်ကျော်က တင်ဆက်ခဲ့ကြတယ်ဆိုတာတွေသာ မသိရှိရမယ်။ အဲ... သူ့ပုံသူ့အကြောင်း ဘယ်ထဲမှာပါတယ်။ ဘာတွေ အကောင်းရေးထားတယ်ဆိုတာတွေကိုတော့ သိပ်သိ၊ သိပ်မှတ်၊ သိပ်ဖတ်။ ဒီတော့ ခင်ဗျားတို့ ဝေဖန်ရေးတွေကို လိုက်နာတာ မလိုက်နာတာ အပထား၊ ဖတ်တာတော့ သိပ်သေချာပါတယ်။ ရေးသာရေးပါဗျာ။

ရေးမယ်ဆိုရင်တော့ ဝေဖန်ရေးအကြောင်းပြောဖို့ လိုလာပြီ။

ဆရာမောင်စွမ်းရည်အပြောနဲ့ဆိုရင်တော့...

"ဝေဖန်ရေးတွေမလုပ်ခဲ့ကြလို့ ကျွန်တော်တို့စာပေမှာ နာခဲ့လှပါပြီ" လို့သတိပေးတာကို သတိပြုရမှာပါ။ စာပေပဲဖြစ်ဖြစ် ဇာတ်သဘင်အနုပညာပဲဖြစ်ဖြစ် ဝေဖန်ရေးသဘောတရား အခြေခံကတော့ တစ်ခုတည်းပဲမဟုတ်လား။ ဒီတော့ ဝေဖန်ရေးဆိုတာကို ခင်ဗျားလည်း ကြေကြေညက်ညက် သဘောပေါက်ထားပြီးဖြစ်မှာပါ။

"ဇာတ်သဘင်ဝေဖန်ရေးမရှိရင် ဇာတ်သဘင် 'နာ' သွားမှာပေါ့"

ဇာတ်သဘင်လောက တိုးတက်စေချင်လို့ ဇာတ်သဘင်လောကမှာ ဖြစ်နေတာတွေကို ပွဲကြည့်တစ်ယောက်အနေနဲ့ အားမလို အားမရဖြစ်ပြီး လက်ရှိဇာတ်သဘင်အခြေအနေကို မကျေနပ်လို့ ရိုးရိုးသားသား စေတနာသန့်သန့်နဲ့ ဝေဖန်တာလို့ ကျွန်တော်ယူဆပါတယ်။

မထိတထိ ကလိတိတိလုပ်တယ်ဆိုတာ မရိုးသားတဲ့ အဓိပ္ပာယ်ပါ။

ဝေဖန်ရေးဟာ ကြော်ငြာစာ ထောက်ခံစာမဟုတ်ဘူး။

ဝေဖန်ရေးဟာ ခရီးသွားမှတ်တမ်းမဟုတ်ဘူး။

ဝေဖန်ရေးဟာ ပုဂ္ဂလိက သဘောထားရှင်းလင်းချက် မဟုတ်ဘူး။

ဝေဖန်ရေးဟာ ဝင်ငွေအနိမ့်အမြင့် ပရိသတ်အနည်းအများ ဇယားမဟုတ်ဘူး။

ဒါတွေတင် ရေးနေလို့ကတော့ ဝေဖန်ရေးအရာ မမြောက်နိုင်ဘူး။

mgyoe.com

mgyoe.com


ဝေဖန်ရေးဆရာရှားပါးတဲ့ ကျွန်တော်တို့ ဇာတ်လောကမှာ ဒီကနေ့ တချို့ကို ဖတ်ပြီး ဝေဖန်ရေးဆိုတာ ဒါမျိုးတွေလားလို့ ဇာတ်လူငယ်တွေက ထင်သွားမှာ စိုးမိတယ်ဗျာ။ ဒါတော့ ခင်ဗျားလည်း သတိပြုမိပါလိမ့်မယ်။

ဝေဖန်ရေးမပီသတဲ့ ဝေဖန်ရေးတွေ ဖတ်မိတဲ့ အနုပညာသမားမဟုတ်တဲ့ ဇာတ်သမားတွေကတော့ နှုတ်ခမ်းကော့ကြမယ်။ မေးငေါ့ကြမယ်။ ထူးပြီးလည်း မဆန်းပါဘူး။

မျက်စိရှေ့ရောက်တဲ့လူအထောင်အသောင်းကိုတောင် လေးစားရမှန်း မသိတဲ့လူက၊ မျက်စိကွယ်ရာက၊ ပုံနှိပ်စာလုံး လေးလောက်တော့ ဘယ်မှုလိမ့်မလဲ။ မြင်းမိုရ်တောင် ဆီးစေ့ပေါက်ကိန်းပေါ့။ မသိလို့ ဂရုမစိုက်တာ ပြဿနာမဟုတ်ဘူး။ နားလည်လျက်နဲ့ ဥပေက္ခာပြုတာက ဒုစရိုက်ပဲ။ ဒီနေရာမှာ ကွယ်လွန်သူ ဆရာကြီး 'ဇေယျ' ရဲ့ ဝေဖန်ရေး မှုကလေးကို ကျွန်တော်တို့ နှလုံးသွင်းကြည့်ရအောင်။

"ဝေဖန်မှုသည် ကောင်းမကောင်း(ဝါ) သင့်မသင့်(ဝါ) မှန်မမှန်ကို စိစစ်ရွေးချယ်လျက် အကောင်းနှင့်အဆိုး၊ အမှားနှင့်အမှန်၊ ဖွဲကြမ်းနှင့် ဆန်ကောင်းကို တသီးတသန့်စီ ခွဲခြားသိရှိမှု၊ ခွဲခြားပြသမှုမှ လွန်၍ သို့မဟုတ် လိုးလွဲ၍သွားပါက ဝေဖန်မှုမဟုတ်တော့ဘဲ ဆဲမှု၊ မလိုတမာပြောမှု၊ အဂတိလိုက်စားမှု၊ မိမိကိုယ်မိမိ ညစ်နွမ်းစေမှု ၊ သူတစ်ပါးအား လမ်းမှားသို့ပြမှုသာဖြစ်လေသည်။ ထို့ကြောင့် ဝေဖန်မှုသည် သူတစ်ပါးအားနှိပ်ကွပ်မှု မဟုတ်၊ အပျင်းအပြေ ရေးသားပြောဆိုမှု မဟုတ်၊ သမားဂုဏ်ပြမှုမဟုတ်၊ လူတတ်လူလည်လုပ်မှုမဟုတ်၊ လက်တည့်စမ်းမှုမဟုတ်၊ လူမှုကိစ္စဟူသမျှတွင် အရေးတကာ့အရေးအကြီးဆုံးဖြစ်လေသည်။ ကျွန်ုပ်တို့က ဝေဖန်ရုံသာ မဟုတ်။ ဝေဖန်မှုကိုလည်း တတ်ရပေလိမ့်မည်။ သို့သော် ဝေဖန်မှုအတတ်မှာ တစ်ကဏ္ဍဖြစ်၍ တစ်ခန်းသတ်သတ်စဉ်းစားရလိမ့်မည် ဖြစ်ပေကြောင်း'...

*ဆရာဇေယျ (ကလောင်သွားနှင့် မုန့်ဟင်းခါးဆောင်းပါးမှ)*

ဘာ့ကြောင့် ဒီလောက် ဝေဖန်ရေးလေကြောရှည်ရတာလဲလို့ ခင်ဗျားစဉ်းစားနေသလား။ ရွှေစစ်မစစ် မီးနဲ့ တိုက်ကြည့်ရတယ်မဟုတ်လား။ ဝေဖန်ရေးသမားဆိုတော့ ဝေဖန်ရေးတရားနဲ့ ထောက်ကြည့်ရမှာပေါ့၊ မဟုတ်ဘူးလား။ ကဲ... ခင်ဗျားဝေဖန်ရေးတွေကို ကြည့်ရအောင်...

mgyoe.com

mgyoe.com


တခြားလူအကြောင်းပြောရင် အတင်းဖြစ်သွားမယ်ဗျာ။ ကျွန်တော့်ကို ခင်ဗျားဝေဖန်ခဲ့တာလေးနဲ့ စလိုက်ရအောင်။

၁၉၈၁၊ ဇန်နဝါရီတုန်းက သိမ်ဖြူကွင်းမှာ ခင်ဗျား ကျွန်တော့်ဇာတ်တွေ စကြည့်ဖြစ်ခဲ့တယ်။ အဲ့ဒီတုန်းက 'ယောက်ျားကောင်းတို့ မျက်ရည်' ဇာတ်လမ်းကို ခင်ဗျားက ဒီလိုဝေဖန်ခဲ့တယ်လေ။

"...ယောက်ျားကောင်းဆိုရင် သိပ်ကောင်းတယ်။ ဇာတ်က မောင်နန်းဝင်းဇာတ်ဆိုတော့ မောင်နန်းဝင်း နေရာရတယ်ပေါ့ကွာ။ ရာဇဝင်ထဲမှာတော့ မဖတ်ဖူးဘူး၊ အဲ... ယောက်ျားကောင်းပြဇာတ်မှာ ခင်ဦးက ကျန်စစ်သားကို ချစ်တယ်ဆိုတာ မပြောရပ့ါမလားဆိုပြီး ပါးချတဲ့ အခန်းတစ်ခန်းပါတယ်။ ခင်ဦးက ချစ်တယ်လို့ ကျန်စစ်သားကို ဖွင့်ပြောတယ်၊ ကျန်စစ်သားက ချစ်တယ်လို့ ပြန်မပြောဘူး၊ ဒါနဲ့ပဲ ချစ်တယ်လို့ မပြောရပ့ါမလားဆိုပြီး မိန်းကလေးက ယောက်ျားလေးကို ပါးရိုက်တယ်၊ အဲ့ဒီပြဇာတ်ကြီးကြည့်ပြီး မိန်းကလေးတွေအပြင်မှာ အဲ့ဒီလိုများ အတုလိုက်ခိုးရင်တော့ ဇာတ်လမ်းရေးတဲ့ ငြိမ်းမင်းကို အပြစ်ဖို့ရမှာပါပဲ"

ကျွန်တော် သိပ်ကြိုးစားထားတဲ့ ပြဇာတ်ကို ခင်ဗျား ထောက်ပြခဲ့တယ်။ သိပ်သဘောကျတယ်ဗျာ။ ဒီအတွက် ခင်ဗျားအပေါ် ကျွန်တော်မကျေမနပ်မှုမရှိကြောင်း လိပ်ပြာသန့်စွာ ပြောဝံ့ပါတယ်။ ခင်ဗျားနဲ့ကျွန်တော် ဆက်ဆံရေး ဘာဖြစ်ခဲ့ဖူးလဲ။ အဲ့ဒီလိုဝေဖန်တာမျိုး သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ သဘောကျတယ်။ ၁၉၇၉၊ ဇူလိုင်လတုန်းကလည်း ပြောဖူးတယ်၊ ဒီနေရာမှာ နာမည်တွေ ချန်ထားတော့မယ်။ သိချင်သူတွေက အဲ့ဒီမဂ္ဂဇင်း ရှာပေါ့ဗျာ...

'ချစ်သံသယစိတ်ဝင်မိတယ်' ပြဇာတ်ကို ကတယ်။ အဲ့ဒီပြဇာတ်မှာ ..... ဝင်လာတယ်၊ ဘောင်းဘီနဲ့ နက်တိုင်နဲ့ တစ်မျိုးလေးပဲ၊ ပျို့နှငယ်ပြီး လှနေတယ်ကွ၊ ကို.....ကတော့ အဲ့ဒီပြဇာတ်မှာ အကျဲခဏခဏလဲတယ်ကွာ။ ဇာတ်စီးတာ သူနဲ့တူတယ်။ သူ့အခန်းတွေ သိပ်များတယ်။ ဇာတ်ရှိန်မတက်တဲ့အပြင် ဇာတ်လမ်းကို အထောက်အကူမပြုတဲ့ အပိုခန်းတွေလည်း ပါနေသေးတယ်၊.....ပြဇာတ်မှာ မေမြို့ကနေ ပဲခူးကို လေယာဉ်ပျံလက်မှတ် ဝယ်ပေးလိုက်တာ လုံးဝမဖြစ်နိုင်ဘူး"

mgyoe.com

mgyoe.com


ဒီလိုအမှားတွေ ထောက်ပြတဲ့အတွက် ခင်ဗျားကို ကျေးဇူးတင်ရပေမယ်။ "ငါတို့ လုပ်ပြချင်တာ လုပ်ပြမယ်၊ ပရိသတ်က ကြည့်နေ" လို့ အယူအဆရှိတဲ့ မာနထောင်ထဲက အနုပညာအကျဉ်းသားတွေကို ခင်ဗျား ဆွဲထုတ်ပေးရမယ်။ ဒီလို ဝေဖန်ရေးမျိုးဟာ လိုအပ်ပါတယ်။

အဆိပ်အတောက်ဖြစ်မဖြစ် ခင်ဗျားဟစ်ပြောခဲ့တယ်။

အနုပညာမြောက်မမြောက် ခင်ဗျား ထောက်ပြခဲ့တယ်။

ဇာတ်သဘင်အထာကို နားလည်တဲ့အတွက် ခင်ဗျားဟာ 'ဝေဖန်ရေး' မှာ 'လက်ဆ' ရှိတာကိုလည်း သတိထားမိပါတယ်။ ၁၉၈၁ နိုဝင်ဘာလတုန်းက ရဲဘော်ကြီးအောင်သိုက်ကို ခင်ဗျားဝေဖန်ခဲ့သေးတယ်လေ။

'နန်းထား၊ လမ်းသလားနေသည်' ကိုအစအဆုံး ကြည့်ခွင့်ရတယ်၊ ပြဇာတ်မင်းသမီး ဘဲလေးစိမ်းရဲ့ အဝတ်အစားရှုံးပြမှုရှိတာကလွဲရင် သိပ်ပြီး နန်းထားမှာ အရသာမတွေ့မိဘူး၊ ကက်ဆက်နားထောင်ပြီးမှ ပြဇာတ်ကြည့်ရတာဆိုတော့ ပိုဆိုးတာပေါ့၊ ပြီးတော့ အဖွဲ့အစည်းအနေနဲ့ အသစ်ကဖြစ်ပြန်၊ ကတာက အဲ့ဒီညနဲ့ပါဆိုမှ ၂ ကြိမ်ပဲရှိသေးတော့ ခွင်မဝင်လို့လားတော့ မသိပါဘူး။ မကျည်းတန်ရယ်' လို့ ခပ်ဖွဖွ ပြောခဲ့တာသတိထားမိပါတယ်။ ဒီအတွက် ခင်ဗျားဝေဖန်ရေးပညာမနိမ့်ဘူးလို့ ခံစားမိပါတယ်၊ ပြီးတော့ သဘောမတွေ့တာ တစ်ခုရှိသေးတယ်။ ခင်ဗျားရဲ့ စာဖတ်ပရိသတ်ဟာ ခင်ဗျားစံထားချက်နောက်ကို လိုက်လာမှာပဲ။ တစ်ခါတစ်ခါ ခင်ဗျားက ပြောတော့ မလိုလိုနဲ့ ဝေ့ပစ်တာတွေရှိတယ်။ အဲ့ဒီလဆောင်းပါးထဲမှာ 'မြို့တော်ကြီး' အကြောင်းပြောရာမှာ–

'.....နှစ်ပါးသွားကို အဲ့ဒီညက အရသာခံပြီး ကြည့်တယ်၊ ပြီးတော့ နောက်ပိုင်းမင်းသားကြီး အောင်ကျော်ညွှန့်ရဲ့အဆိုအငိုပါတဲ့ ဗိမ္ဗိသာရ ဇာတ်တော်ကြီး ကို အကဲခတ်တယ်၊ မိုးလင်းတော့ ပြန်တယ်"

... ဒါပဲ ခင်ဗျားရေးထားတယ်။ ကောက်ချက်ပါမလာဘူး။ မှတ်ချက်ပေးမထားဘူး။ ဒါမျိုးအတွက် ခင်ဗျားကို အားမလို အားမရ ဖြစ်မိတာ အမှန်ပဲ။ ဝေဖန်ရေးရဲ့ အခြေခံဖြစ်တဲ့...

- ကောင်းသလား၊ မကောင်းဘူးလား။
- ဘယ်လောက်ကောင်းသလဲ၊ ဘယ်လောက်မကောင်းသလဲ။

mgyoe.com

mgyoe.com


– ဘာကကောင်းသလဲ၊ ဘာကမကောင်းသလဲ။
– ဘယ်လိုကောင်းသလဲ၊ ဘယ်လိုမကောင်းသလဲ။
– ဘာ့ကြောင့်ကောင်းသလဲ၊ ဘာ့ကြောင့်မကောင်းသလဲ။

ဆိုတာတွေပါမလာတော့ ဘဝင်မကျမိဘူး။ ခုလောက်ရေးတာတောင် ပြဿနာဖြစ်နေတာ၊ ဒီထက်ရေးရရင် ပြဿနာ ပိုကြီးမှာပေါ့လို့ ခင်ဗျား ဖြေချင်နေသလား။

ပန်းစည်းအနည်းအများ၊ ဝင်ငွေအတိုးအလျော့၊ ပရိသတ် အတိုးအဆုတ်အကြောင်းပြောရင်း လူမုန်းခံမယ့်အစား အနုပညာဇာတ်လမ်း ဇာတ်ကွက်တွေအကြောင်းကို ဆွေးနွေးပြီး မျက်စောင်းထိုးခံရတာ အရသာ ပိုမရှိဘူးလားဗျာ။

ကဲ... ကိုစိုးမြင့်အောင်ရေ...

"ပရိသတ်ရှေ့က ခင်ဗျားနေမှာလား"

"ပရိသတ်နောက်က ခင်ဗျားလိုက်မှာလား"

"ပရိသတ်အုပ်ထဲက ရောယိမ်းတစ်ယောက်လား"

ပြည်သူမှာ အဆိပ်အတောက်ဖြစ်တာ မဖြစ်တာကို ထောက်ပြပြီး အနုပညာတိုးတက်ရေး မီးရှူးတန်ဆောင်ကိုဆက်လက် ထွန်းညှိဖို့ပဲ တိုက်တွန်းချင်ပါတယ်ဗျာ။

တခြား အနုပညာတွေထက် ဇာတ်သဘင်အနုပညာဟာ ပြည်သူကြား စိမ့်ဝင်မှု၊ ပြည်သူအပေါ် ဩဇာသက်ရောက်မှု ပိုမိုကြီးမားတယ်ဆိုတာ ခင်ဗျား သိပါတယ်။

ကျေးလက်က ပွဲကြိုက်ပြည်သူတွေဆိုရင် သားသမီးကအစ အိမ်က နွားလေးအဆုံး သူတို့ချစ်တဲ့ အနုပညာသည်တွေနဲ့နှိုင်းနွယ်ပြီး နာမည်မှည့်တာလေးတွေကိုကြည့်။ ဘယ်လောက်လွှမ်းမိုးနေသလဲဆိုတာ။ ဒီတော့ တာဝန်ကြီးမှန်းမသိသေးတဲ့ လူငယ်လေးတွေကို ခင်ဗျား ပြောသင့်တာပြောရပါဦးမယ်။ နားထောင်တာမထောင်တာ သူတို့အလုပ်ပါ။ ခင်ဗျားကံကောင်းတာတစ်ချက်ကတော့ သဘင်မှာ 'ရှုံဒိုး' ကလို့မရတာပဲ။ ဒီအတွက် ဝေဖန်ရေးအား ပိုရှိသင့်ပါတယ်။

အဆုံးမတော့ဗျာ...၊ တစ်ခုပဲ ပြောစရာကျန်တော့တယ်။ အောင်လံ

mgyoe.com

mgyoe.com


မဂ္ဂဇင်းထဲက သဘင်ရေးရာအကြောင်း စာမျက်နှာတွေကို အားလုံးဖြုတ်ချပြီး ခေတ်စားတဲ့ ကျောင်းသင်ခန်းစာကဏ္ဍ၊ သိပ္ပံထူးဆန်းကဏ္ဍတွေထည့်လိုက်ရင် ဒီထက်စောင်ရေတက်ချင်တက်လာပါ့မယ်။

ဒါပေမဲ့ဗျာ၊ ခင်ဗျားလာခဲ့တဲ့လမ်းက ဒီလမ်းမှ မဟုတ်ပဲ။ ခင်ဗျားလည်း ပတ်မသံကြားရင် မနေနိုင်တဲ့ သဘင်သမားတစ်ပိုင်းဖြစ်နေပြီပဲ။ သဘင်အကြောင်း စာမျက်နှာတွေကို ဖြုတ်ချလိုက်လို့ ခင်ဗျားလည်း မနစ်နာပါဘူး။

ဇာတ်သဘင်တွေလည်း မနစ်နာပါဘူး။

အဲ... ဇာတ်သဘင်ဝါသနာရှင် ပရိသတ်နဲ့ ဇာတ်သဘင်စာရေးသူတို့သာ ရင်နာကြရမှာပေါ့ဗျာ။

ဝေဖန်ရေးသမားများဟာ ဟိုး... ရှေးရာဇဝင်ထဲက သူခိုးကြီး ငတက်ပြားနဲ့အလွန်တူပါတယ်။ ငတက်ပြားဟာ မိဋ္ဌာန်ထားတဲ့ ဘုရားတည်ဖို့ သူများပစ္စည်းကို ခိုးရတယ်ဆိုကိုး။ ဒီတိုင်းပဲ။ ဝေဖန်ရေးသမားဟာ သူများကို မကောင်းပြောဖို့ စိတ်ရင်းစေတနာသန့်သန့် ထားတတ်ရပေလိမ့်မယ်။

သားသမီးများဟာ ဖအေဆဲတာကို ငြိမ်ခံတတ်ပါတယ်။ ဘာလို့လဲဆိုတော့ အဖေရဲ့ စေတနာမေတ္တာကို ယုံကြည်ပြီးသားမို့ပါ။

ဝေဖန်ရေးသမားများဟာ အဖေလိုဆဲတတ်ဖို့ သိပ်လိုတယ်လို့ ထင်မိပါတယ်ဗျာ။ ။

*သဘင်စာမျက်နှာများ ထပ်မံတိုးချဲ့နိုင်ပါစေ။*

ရုပ်ရှင်အောင်လံမဂ္ဂဇင်း၊ အမှတ် ၃၅၂၊ ၁၉၈၅–ဒီဇင်ဘာလထုတ်

❑

mgyoe.com

mgyoe.com

# နှစ်သောင်းရှစ်ထောင်တန် သာဓု

(၁)

သဘင်ဟူသည့် စကားအနက်မှာ…

၁။ ပွဲလမ်း၊ အခမ်းအနား။

၂။ အစုအဝေးဟု မြန်မာ့အဘိဓာန်တွင် ဖော်ပြပါသည်။

(၂)

အနုပညာဆိုတဲ့နယ်မှာ သူ့ရဲကောင်းဆန်ခြင်း မဆန်ခြင်းဆိုတာ မရှိပါဘူး။ တကယ်လို့ရှိတယ်ထားဦးတော့၊ တကယ့် အနုပညာသမားတစ်ယောက်ဟာ သူ့ရဲ့ မွန်မြတ်တဲ့စေတနာကို သူရဲကောင်းဆိုတဲ့ ဘွဲ့ကလေးနဲ့ လဲနိုင်မှာ မဟုတ်ဘူး။

*ပေါ်ဦးသက်*

*၁၉၇၁ ၊ ဖေဖော်ဝါရီလ၊ မိုးဝေမဂ္ဂဇင်း။*

---

မှတ်ချက်။ ။ ဤဆောင်းပါးရေးသားဖော်ပြစဉ်က ရွှေတစ်ကျပ်သား၏ တန်ဖိုးမှာ ၃၅၀၀ ကျပ်ခန့်သာ ရှိသောအချိန်ဖြစ်ပါသည်။

mgyoe.com